ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ စနေနေ့ (14-8-2010) (၆၄၉၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မှတ်ပုံတင်ခွင့်ရရှိပြီး နိုင်ငံရေးပါတီများ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှ စ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **ကယန်းအမျိုးသား ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင် အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၀)ရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၁၅)ပါတီ ရှိပြီဖြစ်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၃ - ၈ - ၂၀၁၀

သံတောင်ကြီး	၃ ဒသမ ၅၄ လက်မ
ကြို့ပင်ကောက်	၂ ဒသမ ၇၆ လက်မ
ကျိုက်မရော	၂ ဒသမ ၄၄ လက်မ
မော်လမြိုင်	၂ ဒသမ ၃၆ လက်မ
ဟသ်ာတ	၂ ဒသမ ၃၂ လက်မ

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၇ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၈၉/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၈၉/၂၀၁၀)
၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်)
လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၈ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၄ (ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ ၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၁ ရက် (၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်) တနင်္ဂနွေနေ့တွင် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့်နေ့ရက်များ သတ်မှတ်ကြေညာ

နေပြည်တော် ဩဂုတ် ၁၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၉၀/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၉၀/၂၀၁၀)
၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်)
လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့်နေ့ရက်များသတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည်-

(က)	လွှတ်တော်အသီးသီး၏မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက်	၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက် (၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၆ ရက်)
(ခ)	လွှတ်တော်အသီးသီး၏မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းနိုင်သည့်နောက်ဆုံးနေ့ရက်	၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် (၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၀ ရက်)
(ဂ)	လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာများစိစစ်မည့်နေ့ရက်	၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်မှ တော်သလင်းလဆန်း ၂ ရက်အထိ (၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၆ ရက်မှ ၁၀ ရက်အထိ)
(ဃ)	လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့်နောက်ဆုံးနေ့ရက်	၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက် (၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃ ရက်)

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

The Mirror ၁၄-၈-၂၀၁၀ (စနေနေ့)

ကျန်းမာရေးအလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများအသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေး၊ ရောဂါဘယကင်းရှင်းစေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်ပေးနေသည်။ လူထုကျန်းမာရေးစောင့်ရှောက်မှုတွင် ကျောင်းကျန်းမာရေးလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ နိုင်ငံ့ရတနာလူငယ်လူရွယ်များ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် အလေးထားဆောင်ရွက်နေခြင်းဖြစ်သည်။

ကျောင်းသားလူငယ်များကို ငယ်စဉ်ကပင် ထိရောက်သည့် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျန်းမာရေး အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်လူငယ်များ ဖြစ်ထွန်းလာမည်။ မှန်ကန်သော ကျန်းမာရေးပညာ အပြုအမူများကို သိရှိနားလည် ကိုယ်တိုင်ကျင့်သုံးတတ်လာမည်။ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သော ဘဝပိုင်ရှင်များ ဖြစ်လာနိုင်မည် ဖြစ်ပေသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး နှစ်စဉ် ဩဂုတ်လအတွင်း ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် သတ်မှတ်၍ အခြေခံပညာကျောင်းအလိုက် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်လာခဲ့သည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများကို ဩဂုတ် ၉ ရက်မှ ၁၄ ရက်အထိ သတ်မှတ်ပေးထားရာ အခြေခံပညာကျောင်းများ၌ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး လုပ်ဆောင်နေကြပြီ။ ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေး၊ ကူးစက်ရောဂါ ကာကွယ်ရေး၊ ကျန်းမာရေးပညာပေးနှင့် ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်နေကြပေပြီ။

ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှုများကို ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ် လှုပ်ရှားမှုများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။ သန်ချဆေးတိုက်ကျွေးခြင်း၊ ကျန်းမာရေးနှင့်အာဟာရဆိုင်ရာ ဗဟုသုတများ၊ သန်ကောင်ရောဂါကာကွယ်ရေး ဗဟုသုတများ ဖြန့်ဝေခြင်း၊ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ စာစီစာကုံးယှဉ်ပြိုင်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်းများတွင် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းအလိုက် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်များ တိုင်းတာခြင်း၊ အသက်အရွယ်အလိုက် ရှိသင့်သည်ထက် လျော့နည်းနေသူများအား အသေးစိတ်ပြန်လည်စစ်ဆေးပြီး တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကုသရေးနှင့် ကျွေးမွေးပြုစုရေးအစီအစဉ်များကို ဆောင်ရွက်နေကြပြီ ဖြစ်သည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများသည် စဉ်ဆက်မပြတ် ဂရုပြုလုပ်ဆောင်နေကြရမည့် လုပ်ငန်းများဖြစ်သည်။ ကျန်းမာရေးအလေ့အကျင့်ကောင်းများကို သိရှိကြရုံသာမက လိုက်နာကျင့်သုံးကြရန်လည်း လိုအပ်သည်။ အခြေခံပညာကျောင်းအလိုက် အုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းဝင်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ကျောင်းသားလူငယ် တစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မား တိုးတက်လာမည် ဖြစ်ပါသည်။ ။

မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဘာသာရပ် လစဉ် Online ဉာဏ်စမ်းပြိုင်ပွဲဆုပေးပွဲကို ဩဂုတ် ၁၁ ရက်က အထက(၁) မင်္ဂလာတောင်ညွန့် ကျောင်းခန်းမဆောင်၌ ကျင်းပရာ ပထမဆုရ စံပြဖဆပလရပ်ကွက်မှ ဒေါ်မော်မော်အေးအား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ငြိမ်း ဆုချီးမြှင့်စဉ်။ (၃၂)

မသန်စွမ်းသူများ အထောက်အကူပြုပစ္စည်း အခမဲ့လျှောက်ထားရယူနိုင်

ရန်ကုန် ဩဂုတ် ၁၃

မသန်စွမ်းသူများနှင့် ဖွဲ့စည်းတည်ထောင်ထားပြီး မသန်စွမ်းသူများ၏ လိုအပ်ချက်ကို ဆောင်ရွက်ပေးလျက်ရှိသော ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)က မသန်စွမ်းသူများအတွက် လိုအပ်သောအထောက်အကူပြု ပစ္စည်းဖြစ်သည့် ခြေတု၊ လက်တုများကို အခမဲ့ ထုတ်လုပ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ခြေတု၊ လက်တု လိုအပ်လျက်ရှိသော မသန်စွမ်းသူများသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ရုံးခန်း အမှတ်(၇၉၇) အခန်း(၁၀၄-ဘီ) ပထမထပ် မြန်မာ့အလှတာဝါ(၂) ဗိုလ်ချုပ်လမ်း (ဝါးတန်းလမ်းထောင့်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၂၉၂၃၊ ၀၁-၂၂၉၀၈၇နှင့် ၀၁-၂၁၅၉၃၉ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အလုပ်သမားဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၃/၂၀၁၀) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

အလုပ်သမားဝန်ကြီးဌာနတွင် ဇူလိုင် ၁၂ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့သည့် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၃/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၅၁) စုဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဝန်ကြီးက အမှာစကားပြောကြားပြီး ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ဆုများချီးမြှင့်၍ သင်တန်းသား၊ သင်တန်းသူ ၂၇ ဦးတို့အား သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ခဲ့သည်။ အလုပ်သမားဝန်ကြီးဌာနတွင် ဝန်ထမ်းများ အရည်အချင်းမြှင့်တင်ရန်နှင့် e-Government လုပ်ငန်းစဉ်များကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် အခြေခံကွန်ပျူတာ သင်တန်း အမှတ်စဉ်(၃/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားတွင် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

Yangon- Expo 2010 ကုန်စည်ပြပွဲ၌ NANO ENERGIZER အရောင်းပြခန်း ပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ Smart Business Group က ကြီးမှူးကျင်းပသည့် Yangon- Expo 2010 ကုန်စည်ပြပွဲ၌ Korea နိုင်ငံမှ ထုတ်လုပ်သော NANO ENERGIZER အမှတ်တံဆိပ် နောက်ဆုံးပေါ်အဆင့်မြင့် NANO နည်းပညာဖြင့် ထုတ်လုပ်ထားသော Engine Restaration and Protection ပစ္စည်းကို ခင်းကျင်းပြသရောင်းချမည်ဖြစ်သည်။ **(အပေါ်ဓါတ်ပုံ)**

Royal Lubricants Trading Co., Ltd. က ကိုရီးယားနိုင်ငံလုပ် NANO ENERGIZER အမှတ်တံဆိပ်နှင့် စပိန်နိုင်ငံလုပ် E-1 Lubricants အမှတ်တံဆိပ် အဆင့်မြင့်ပစ္စည်းများကို မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တရားဝင် တင်သွင်းဖြန့်ချိရောင်းချလျက်ရှိသည်။

NANO ENERGIZER သည် စွမ်းဆောင်ရည်ကျနေသော အင်ဂျင်များအတွက် အင်ဂျင်အသစ်တစ်လုံးလဲလှယ်လိုက်သကဲ့သို့ အင်ဂျင်ပါဝါရရှိစေခြင်း၊ အင်ဂျင်ပါဝါ တိုးတက်ကောင်းမွန်ခြင်း၊ အင်ဂျင်အပူချိန် (Heat) သိသိသာသာလျော့နည်းစေခြင်း၊ အင်ဂျင်အသံပိုငြိမ်ခြင်း၊ ဆီစားသက်သာစေခြင်း၊ မီးခိုးအထွက်နည်းခြင်း၊ အင်ဂျင်အတွင်းပိုင်းပွန်းစားမှုကို ထူးထူးခြားခြား သက်သာစေခြင်း၊ အင်ဂျင်သက်တမ်း ပို၍ကြာကြာ အသုံးခံနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်သည်။

NANO ENERGIZER၏ ထူးခြားချက်သည် အင်ဂျင်ဝိုင်လဲလှယ်တိုင်း ထည့်သုံးစရာမလိုဘဲ တစ်ကြိမ်ထည့်ပြီးပါက ကီလိုမီတာ ၃၀၀၀၀ ခြောက်လခန့်မှ ကီလိုမီတာ ၅၀၀၀၀ တစ်နှစ်ခန့်အထိ အသုံးခံကြောင်း ထူးထူးခြားခြား အာမခံထားသည်။

ဆက်သွယ်ဝယ်ယူလိုပါက Royal Lubricants Trading Co.,Ltd. အမှတ် 63,W, သီရိမ္ပန်အိမ်ရာ ဘုရင့်နောင်လမ်း လှိုင်မြို့နယ် ဖုန်း-၀၁-၇၃၀၃၉၁၉၁၊ ၆၈၁၆၀၆၊ ၀၉-၅၁၅၂၄၂၉၊ ၅၁၅၅၄၃၂၊ ၈၆၂၀၃၉ နှင့် ၅၁၉၈၉၀၂ တွင်လည်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၈-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ -ဦးခိုက်ပူဇော်ဂုဏ်ကျေးဇူးတော်
၇း၂၅	၄။	ဓမ္မပူဇာတေး
၇း၃၀	၅။	မျိုးချစ်တပ်မတော်
၇း၃၅	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	**ကာတွန်းအစီအစဉ် -အမွှာစုံထောက် (အပိုင်း-၉)**
၁၂း၀၀	၅။	**ရုပ်မြင်သံကြားဇာတ်လမ်း - မာနကိုဝါးစားပစ်မယ် (ဟိန်းဝေယံ၊ ချိုပြုံး၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-ဒေါန)**
၁း၃၀	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၆၀)**
၂း၅၅	၈။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀	၉။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၃။	စားဖိုဆောင်ချစ်သူ
၆း၄၅	၁၄။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သည်းချာ (အပိုင်း-၅၈)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လူရွှင်တော်စကား
	၂၁။	အင်္ဂလိပ်စာသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားကသိုင်းသမား (အပိုင်း-၅)**
	၂၄။	**လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၁၈)**
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

သာစည်မြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၃

သာစည်မြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲကို ဩဂုတ် ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁၁)ရပ်ကွက် ကံဘဲ့ဘူတာရုံလမ်း အောင်ချမ်းသာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသက် (၇၅)နှစ်အထက် ရန်ကုန်မြို့တွင် အမြဲနေထိုင်သည့် သက်ကြီးအသင်းဝင်များနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် အသင်းဝင် သား၊ သမီးများ၏ စာရင်းကို ဦးကျော်မြင့် ဖုန်း-၀၉-၅၁၅၆၁၃၆၊ ဦးအောင်မျိုး ဖုန်း-၆၆၄၃၅၅ နှင့် ဒေါ်ညွန့်ညွန့်တင် ဖုန်း-၆၃၇၀၀၅ တို့သို့ ကြိုတင်ဆက်သွယ်ကြပါရန်နှင့် သာစည်မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ကြည့်ရှု စစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး စစ်ကိုင်းမြို့ ဆင်တပ် လျှပ်စစ်မြစ်ရေတင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၁ ရက်တွင် ချင်းတွင်းတံတား (မုံရွာ) ကြံ့ခိုင်မှုအခြေအနေနှင့် မုံရွာ - ယင်းမာပင်လမ်းပိုင်းတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ယင်းမာပင်မြို့နယ် ရွှေတောင်ဦးသို့ ရောက်ရှိပြီး ရွှေတောင်ဦး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး မှာကြားသည်။

ဆက်လက်၍ ယင်းမာပင်မြို့နယ် အောင်ဇေယျ စစ်မှုထမ်းဟောင်းအိမ်ရာ စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦး၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားပြီး လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မုံရွာ-ပုသိမ်လမ်းမကြီး၏ စစ်ကိုင်းတိုင်းအပိုင်း လမ်းလုပ်ငန်းပြုပြင်ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အဆင့်မြင့်ကုန်စည်ဒိုင် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မုံရွာမြို့ ပြည်ထောင်စုလမ်းမကြီးအား အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး မုံရွာကွန်ပျူတာ တက္ကသိုလ်ရှေ့၌ ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သတ်မှတ်နေရာ၌ အထိမ်းအမှတ် သစ်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများက သစ်ပင်များကို စိုက်ပျိုးပေးကြ၍ ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ကွန်ပျူတာ တက္ကသိုလ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေများကို ပေးအပ်သည်။

ထို့နောက် မုံရွာ-အရာတော်လမ်း ပြုပြင်ဆောင်ရွက်နေမှုနှင့် လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ ဝါးတန်းကျေးရွာ၌ တောင်သူတစ်ဦးစိုက်ပျိုးထားသော ပဲစင်းငုံနှင့် ငွေချည်(၆)ချည်မျှင်ရှည်ဝါ သီးညှပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အရာတော်မြို့ရှိ ရေလှောင်တွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရာတော်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြင်းမူမြို့နယ် ခွက်ခွင်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက် လူနာများအား အားပေးစကားပြောကြား၍ လက်ဆောင်ပစ္စည်းနှင့် ဆေးပဒေသာပင် အလှူငွေများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးက ဆေးဝါးပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မင်းရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပျော့ရွာကျေးရွာသို့ ရောက်ရှိပြီး ကောက်စိုက်သမများ ကောက်စိုက်နေမှုကို ကြည့်ရှုအားပေးကာ တိုင်းမှူးက ကောက်စိုက်သမများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ပျော့ရွာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် စစ်ကိုင်းမြို့ ဆင်တပ်ကျေးရွာအနီးရှိ ဆင်တပ်လျှပ်စစ်မြစ်ရေတင် လုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ လယ်မြေ၌ ကောက်စိုက်သမများ ကောက်စိုက်နေမှုတို့ကို ကြည့်ရှုအားပေး၍ တိုင်းမှူးက ကောက်စိုက်သမများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

မှာကြား

ယင်းနောက် မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ပင်မမြောင်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး စစ်ကိုင်းမြို့နယ် ကုန်းရွာကျေးရွာ၌ စိုက်ပျိုးထားသည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းနှင့် ဝါနမူနာများ၊ စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံ တောင်သူများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် အုန်းတော-စစ်ကိုင်းလမ်းပိုင်း အခြေအနေများနှင့် အမှတ်(၃) ခရိုင်ချင်းဆက်လမ်း ကတ္တရာခင်းထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်တိုင်အမှတ် (၃/၂)သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက စစ်ကိုင်းစက်မှုဇုန် (တိုးချဲ့) တည်ဆောက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လောက်ကိုင်မြို့ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းများဖွင့်

နေပြည်တော် ဩဂုတ် ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်သည် ဩဂုတ် ၂ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ကျင်းပသည့် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးသင်တန်း၊ စက်ပြင်သင်တန်းနှင့် လျှပ်စစ်ဂဟေသင်တန်း အမှတ်စဉ် (၈/၂၀၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး လက်တွေ့ သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းသင်တန်းသို့ နယ်စပ်ဒေသမှ တိုင်းရင်းသား သင်တန်းသား ၃၀၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံ တိုင်းရင်းသား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ၃၅ ဦး စုစုပေါင်း ၆၅ ဦးတို့ တက်ရောက်ကြပြီး အဆိုပါ သင်တန်းကို ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ် သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း သင်တန်းသားများ နေထိုင်စားသောက်ရေးအတွက် ဦးစီးဌာနက တာဝန်ယူကြောင်း သိရှိရသည်။

ထို့နောက် ညွှန်ကြားရေးမှူးသည် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ (လားရှိုး၊ ကွမ်းလုံ)နှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ (လားရှိုး၊ မူဆယ်)တို့သို့ ဩဂုတ် ၄ ရက်မှ ၇ ရက်အထိ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော် လောက်ကိုင်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ သင်တန်းသားများ လက်တွေ့သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ဥက္ကဋ္ဌ ဦးလှဝင်း မိသားစုက ကျောင်းသား၊ ကျောင်းသူ ၁၅၀၀ တို့အား သာဂူအာဟာရ ဒါနပြုတိုက်ကျွေးသည်။**(အပေါ်ပုံ)**

ထို့အပြင် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများအဖြစ် ဩဂုတ် ၉ ရက်မှ ၁၄ ရက်အထိ ကျန်းမာရေးဆိုင်ရာများ ဟောပြောခြင်း၊ အာဟာရအုပ်စုများကို သရုပ်ပြခြင်း၊ ကျောင်းဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ကိုယ်အလေးချိန်နှင့် အရပ်တိုင်းခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

မကွေး ဩဂုတ် ၁၃

မကွေးမြို့နယ်အသင်း (ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ဒုတိယအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် နေနတ်သား စာသင်တိုက်၌ ကျင်းပရာ နာယက ဦးအောင်ကြည်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဥက္ကဋ္ဌ ဦးအေးကို (မြန်မာကိုင်ဒို)က အမှာစကားပြောကြားသည်။

ထို့နောက် အသင်းဝင် သက်ကြီး အဘိုး၊ အဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် စုပေါင်းပူဇော်ကန်တော့ကြပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပရာ ဥက္ကဋ္ဌ ဦးအေးကိုက မြန်မာတစ်နိုင်ငံလုံး ဒုတိယဆုရ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဟန်ဇော်အား ဆုချီးမြှင့်ကြောင်း သိရသည်။ **(ဝဲပုံ)** (ကြေးမုံ)

အီရတ်တွင် အကြမ်းဖက်မှုဖြစ်ပွား တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၃

အီရတ်နိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းတွင် ကြာသပတေးနေ့က ကားဗုံးဖောက်ခွဲမှုအပါအဝင် တိုက်ခိုက်မှုသုံးကြိမ် ဖြစ်ပွားရာ အီရတ်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး၍ လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် အဘူဂါရိတ်ဒေသ ဇိုင်ဒန်းကျေးရွာ စစ်အခြေစိုက်စခန်းအပြင်ဘက်ရှိ အီရတ်စစ်ဘက်ဆိုင်ရာ လုံခြုံရေးစစ်ဆေးရေးဂိတ်တွင် ညအချိန်၌ အသေခံကားဗုံးတစ်လုံး ပေါက်ကွဲရာ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိသွားသည်ဟု အန်ဘာပြည်နယ်ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၅၀ ကွာဝေးသည့် ဖော်လူဂျာမြို့ တောင်ပိုင်းဒေသတွင် ရဲတပ်ဖွဲ့မှ ကင်းလှည့်နေသော ကားအနီး လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားသည်။

ဝင်ရောက်တိုက်ခိုက်

အီရတ်နိုင်ငံမြောက်ပိုင်း ပြည်နယ်နီနဗက်တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး၍ ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့သည်။ ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ၄၀၀ ကွာဝေးသောအီရတ်ပြည်နယ် မြို့တော်မိုဆူးအနောက်ပိုင်းရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်ကို သေနတ်သမားများက ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် ဖြစ်သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့မှလာသော သတင်းအရ ဆင်ဟွာကဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း၌ ကျောက်မီးသွေးတွင်း ပြိုကျ နှစ်ဦးသေ၊ ခြောက်ဦးပိတ်မိနေ

နယူးဒေလီ ဩဂုတ် ၁၃

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိ ဂျေဟတ်ခ်ဟန်းပြည်နယ်ရှိ ကျောက်မီးသွေးတွင်း ပြိုကျရာ လူနှစ်ဦးသေဆုံး၍ ခြောက်ဦး ပိတ်မိလျက်ရှိကြောင်း၊ တရားမဝင်တူးဖော်နေသော ကျောက်မီးသွေးတွင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောခွင့်ရသူက သောကြာနေ့တွင် ပြောကြားသည်။

ကြာသပတေးနေ့ညက ဒန်းဘတ်ခရိုင်တွင် ဖာလီဒစ်ရှိ ကျောက်မီးသွေးတွင်း၏ အမိုးပေါ်တွင် ရွာသား ၁၅ဦး အလုပ်လုပ်နေစဉ် ပြိုကျခြင်းဖြစ်ကြောင်း၊ အလုပ်သမားနှစ်ဦးသေဆုံးကြောင်း၊ ရှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်းသက်ဆိုင်ရာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီကွေဒေါနိုင်ငံတွင် ငလျင်လှုပ်ပြီးနောက် ပျက်စီးသွားသောအိမ်တစ်လုံး အတွင်းရှိ ကလေးတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီကွေဒေါနှင့် ပီရူးတို့၌ အင်အားပြင်းငလျင်လှုပ်

ဝါရှင်တန် ဩဂုတ် ၁၃

အီကွေဒေါနိုင်ငံနှင့် ပီရူးနိုင်ငံဒေသများတွင် ဩဂုတ် ၁၂ ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၁ အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်သွားကြောင်း၊ အဆိုပါငလျင်ဗဟိုသည် အမေဇုံးနီးယားဒေသ အစွန်းပိုင်းရှိ မြေအောက်အနက်၌ တည်ရှိပြီး တစ်ဦးသာ ဒဏ်ရာရရှိကာ အနည်းငယ်ပျက်စီးကြောင်း ဖော်ပြသည်။

ယင်းငလျင်သည် ကွီတိုမြို့အရှေ့တောင်ဘက် ၁၇၅ ကီလိုမီတာအကွာ၌ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၅၄ မိနစ်က လှုပ်ခတ်ခဲ့ပြီး စက္ကန့် ၄၀ ကြာမြင့်ကာ နိုင်ငံတစ်ဝန်းနှင့် အိမ်နီးချင်းပီရူးနိုင်ငံတို့တွင် လှုပ်ခတ်သွားကြောင်း အမေရိကန်ဘူမိတိုင်းတာရေးဌာနက ဖော်ပြသည်။

အနောက်တောင်ပိုင်းရှိ ငါးဖမ်းဆိပ်၌ နံရံပြိုကျမှုကြောင့် လူတစ်ဦး ဒဏ်ရာရရှိကြောင်း အီကွေဒေါကြက်ခြေနီအသင်းက ပြောကြားသည်။

ကြာသပတေးနေ့ ငလျင်သည် အမေဇုံးနီယား သစ်တောဒေသရှိ ပီရူးနိုင်ငံနယ်စပ်တစ်လျှောက်၌လည်း လှုပ်ခတ်သွားကြောင်း ပီရူးငလျင်စခန်းက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အီတလီတွင် ရဟတ်ယာဉ်ပျက်ကျ၊ လေးဦးသေဆုံး

ရောမ ဩဂုတ် ၁၃

အီတလီနိုင်ငံ စစ္စလီကျွန်း၏ တောင်ပိုင်းတွင် ကြာသပတေးနေ့ နံနက်ပိုင်း၌ ပုဂ္ဂလိကပိုင် ရဟတ်ယာဉ်တစ်စင်းသည် လေယာဉ်ကွင်းမှပျံအတက်တွင် လေယာဉ်ရုံပေါ်သို့ ပျက်ကျရာ ပါလာသူ လေးဦးလုံး သေဆုံးကြောင်း ဆင်ဟွာသတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

လေယာဉ်ရုံနှင့်တိုက်မိပြီး ပေါက်ကွဲကာ မီးလောင်ခြင်းဖြစ်သည်ဟု မျက်မြင်များက ပြောသည်။ မီးသတ်သမားများက အခင်းဖြစ်ပွားရာ နေရာသို့ အပြေးသွား၍ ငြိမ်းသတ်သော်လည်းခရီးသည်အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦးနှင့် လေယာဉ်မှူးတို့သည် မီးလောင်၍ သေဆုံးသွားကြသည်ဟု ဆိုသည်။

ရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ရဟတ်ယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

ယာဉ်တိုက်မှုဖြစ်ပြီးနောက် တရုတ်အရှေ့ပိုင်း အဝေးပြေးလမ်း၌ ကော့စတစ်ဆော်ဒါ ဖိတ်စဉ်

ဟန်ကျိုး ဩဂုတ် ၁၃

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်ကျင်းပြည်နယ် အဝေးပြေးလမ်း၌ ဩဂုတ် ၁၃ ရက် နံနက်က ဓာတုပစ္စည်းများ တင်ဆောင်လာသောကားနှင့် ကုန်တင်ကားတို့ တိုက်မိပြီးနောက် ဖိတ်စဉ်သွားသော ကော့စတစ်ဆော်ဒါ ၂၇ တန်ကို မီးသတ်သမားများ ရှင်းလင်းလျက်ရှိသည်။

အဆိုပါ ယာဉ်တိုက်မှုသည် နံနက် ၅ နာရီက ရှင်ကြိုမြို့ အဝေးပြေးလမ်းပိုင်း၌ ဖြစ်ခဲ့ရာ ကုန်တင်ကားမောင်းသူ သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားနိုင်ငံတွင် လောင်ကျွမ်းဆဲဖြစ်သော တောမီးကို မီးသတ်သမားများ ငြိမ်းသတ်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မော်စကို၌ မိုးရွာသွန်းသော်လည်း တောမီးလောင်နေဆဲ

မော်စကို ဩဂုတ် ၁၃

ရုရှားနိုင်ငံမြို့တော်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရာသီဥတု အေးလာသော်လည်း မော်စကိုမြို့ ဝန်းကျင်ဒေသများ၌ တောမီးလောင်ကျွမ်းလျက်ရှိပြီး နိုင်ငံ၏ ထိပ်တန်းနျူကလီးယား သုတေသနဌာနအနီး တောမီးထပ်မံလောင်ကျွမ်းမည့် အရိပ်အယောင်များ တွေ့ရကြောင်း သောကြာနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

မြို့တော်သည် ကြုံတွေ့ရသော မီးခိုးငွေ့များမှ ကင်းဝေးခဲ့သော်လည်း လောင်ကျွမ်းနေသော တောမီးများနှင့် ပြာပုံများမှ မီးခိုးများမှာ လေတိုက်ခတ်သည့်လမ်းကြောင်း ပြောင်းလဲခဲ့လျှင် မြို့တော်ကို ထပ်မံဖုံးလွှမ်းနိုင်ကြောင်း မိုးလေဝသပညာရှင်များက ပြောကြားသည်။

ရုရှားနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေး ဝန်ကြီးဌာနက ၎င်းတို့အဖွဲ့သည် တောမီးလောင်ကျွမ်းမှုဒေသ လျော့နည်းအောင် စီမံနေသော်လည်း မော်စကိုမြို့ဝန်းကျင်ဒေသ ၂၉ ခု အပါအဝင် ဒေသ ၅၀၀ ကျော်၌ တောမီးဆက်လက်လောင်ကျွမ်းနေသည်ဟုဆိုသည်။ ရုရှားမြို့တော်ဝန်းကျင်၌ မီးသတ်တပ်ဖွဲ့ဝင် ၁၄၀၀၀ ခန့် မီးကိုငြိမ်းသတ်လျက်ရှိသည်ဟု ပြောကြားသည်။

မော်စကိုမြို့ အရှေ့ဘက် ကီလိုမီတာ ၄၈၀ ခန့်အကွာ ဆာရော့ဒေသရှိ နိုင်ငံ၏ ထိပ်တန်းနျူကလီးယား သုတေသနဌာန အနီး၌လည်း တောမီးလောင်မှု ထပ်မံစတင်ဖြစ်ပွားခဲ့သည်။ မီးသည် လျင်မြန်စွာ ကူးစက်နေသောကြောင့် ယင်းဒေသရှိ မီးသတ်တပ်ဖွဲ့များက အနီးဝန်းကျင်ဒေသများသို့ မီးငြိမ်းသတ်နိုင်ရေးအတွက် အကူအညီတောင်းခံခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယအလယ်ပိုင်း၌ ဖောက်ခွဲရေးပစ္စည်း တင်ဆောင်လာသောယာဉ် ၆၁ စီး ပျောက်ဆုံး

နယူးဒေလီ ဩဂုတ် ၁၃

ပေါက်ကွဲတတ်သည့်ပစ္စည်း တန်ချိန် ၃၀၀ကျော်တင်ဆောင်လာသော ကုန်တင်ကား ၆၁ စီးခန့်သည် အိန္ဒိယနိုင်ငံ အလယ်ပိုင်း မက်ဒ်ယာပရာဒက်ချ်ပြည်နယ်အရောက်တွင် ပျောက်ဆုံးနေသည်ဟု ရဲတပ်ဖွဲ့အရာရှိတစ်ဦးက ဩဂုတ် ၁၃ ရက်တွင် ပြောကြားခဲ့သည်။

ထိုကုန်တင်ကားများကို ဗိုလ်ပါဒေသရှိ နိုင်ငံပိုင် ရာဂျက်သန်ပေါက်ကွဲတတ်သောပစ္စည်းနှင့် ဓာတုဗေဒ ကုမ္ပဏီက မက်ဒ်ယာပရာဒက်ချ်ပြည်နယ် ဆာဂါဒေသရှိ ဂါနက်ချ်ပုဂ္ဂလိကပိုင် ကုမ္ပဏီသို့ စေလွှတ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုကုန်တင်ကားများသည် အဆိုပါကုမ္ပဏီသို့ မရောက်လာဟု ရဲအရာရှိက ပြောကြားခဲ့သည်။

စိုးရိမ်ကြောက်လန့်ဖွယ်ကောင်း

အဆိုပါကုန်တင်ကားများကို လိုက်လံရှာဖွေလျက်ရှိကြောင်း၊ စနက်တံများ၊ ဖောက်ခွဲရေးပစ္စည်းများ မသမာသူများလက်အတွင်းသို့ ရောက်ရှိသွားလျှင် အန္တရာယ်ရှိလာနိုင်သဖြင့် ထိုကားများ ပျောက်ဆုံးနေခြင်းသည် စိုးရိမ်ကြောက်လန့်ဖွယ်ကောင်းလှကြောင်း ၎င်းက ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ထိုကားများ ပျောက်ဆုံးမှုကို ကုမ္ပဏီသို့အပြစ်တင်ပြောကြားစရာ မရှိကြောင်း၊ ဖောက်ခွဲရေးပစ္စည်းများကို ကုန်တင်ကားဖြင့် တရားဝင်ပို့ဆောင်နေကြဖြစ်ကြောင်း ရာဂျက်သန်ကုမ္ပဏီက ပြောကြားသည်။

ထိုဖောက်ခွဲရေးပစ္စည်းများကို လိုင်စင်ရှိသောကုမ္ပဏီထံသို့ လွှဲပြောင်းမှုဖြစ်ပြီး ကုမ္ပဏီမှ ကုန်တင်ကားဖြင့်ပင် ပို့ဆောင်ပေးမှုဖြစ်ကြောင်း၊ ကားဖြင့်ပေးပို့ပြီးနောက် ဖောက်ခွဲရေးပစ္စည်းများ မည်ကဲ့သို့သော် ပြဿနာပေါ်လာသည်ဖြစ်စေ မိမိတို့တာဝန် မဟုတ်တော့ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ဂျီးရီးယားတွင် အဆောက်အအုံပြိုကျ၊ ၁၉ ဦးသေဆုံး

အဘူဂျာ ဩဂုတ် ၁၃

နိုင်ဂျီးရီးယားနိုင်ငံ မြို့တော်အဘူဂျာတွင် အဆောက်အအုံတစ်လုံး ပြိုကျရာ ကျူးကျော်နေထိုင်သူ ဦးရေ ၅၀ အနက် ၁၉ ဦး သေဆုံးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဒေသဆိုင်ရာ အာဏာပိုင်များက စစ်ဆေးရာတွင် ခိုင်ခံ့မှုမရှိဟု သတ်မှတ်ထားသော မပြီးစီးသေးသည့် လေးထပ်တိုက် အဆောက်အအုံသည် ဗုဒ္ဓဟူးနေ့တွင် ပြိုကျခဲ့ခြင်းဖြစ်သည်။

ယင်းအဆောက်အအုံသည် အန္တရာယ်ရှိသဖြင့် နေထိုင်သူများကို ရွှေ့ပြောင်းကြရန် သတိပေးခဲ့သော်လည်း လိုက်နာမှုမရှိကြကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဒါနီယယ်လ် ဘာလာရာဘီဂမ်ဘိုက ပြောကြားခဲ့သည်။

အဆောက်အအုံများကို စံချိန်စံညွှန်းမမီသောပစ္စည်းများဖြင့် ဆောက်လုပ်ခြင်းသည် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်း ဖြစ်သည်။ အကျင့်ပျက်ခြစားမှုများမှာလည်း နေရာအနှံ့ ဖြစ်ပေါ်လျက်ရှိသည်။

အန္တရာယ်ရှိသော အဆောက်အအုံများ၌နေထိုင်သူများကို ရဲတပ်ဖွဲ့က ပြောင်းရွှေ့ပေးမည်ဖြစ်ကြောင်း ဂမ်ဘိုက ပြောကြားခဲ့ပြီး အစိုးရအရာရှိများကလည်း ပိုမိုတင်းကျပ်သော စည်းမျဉ်းဥပဒေများကို ထုတ်ပြန်မည်ဖြစ်ကြောင်း ကတိပြုကြသည်။

အင်တာနက်။

နိုင်ဂျီးရီးယားနိုင်ငံမြို့တော် အဘူဂျာမြို့တွင် အဆောက်အအုံတစ်လုံး ပြိုကျရာ အပျက်အစီးများအကြား အရေးပေါ်ကယ်ဆယ်ရေးသမားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို မအူပင်ခရိုင် ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး) ရေကင်းစခန်းအမှတ်(၄) မြို့မဒေသ စိတ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဧရာဝတီတိုင်း မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၁၁ ရက်တွင် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာ၌ ကျင်းပသည့် ၂၀၁၀-၂၀၁၁ ခုနှစ် ဧရာဝတီတိုင်း မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် ဧရာဝတီတိုင်းအတွင်း လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေးအတွက် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး ရည်မှန်းချက်များအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်အလိုက် ထွန်တုံးပိတ် အစီရင်ခံစာများကို တိုင်းမှူးထံ ပေးအပ်ကြပြီး တိုင်းမှူးက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲကို လှည့်လည်အားပေး၍ မိုးစပါးစံပြကွက်နှင့် စမ်းသပ်ကွက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စိုက်ပျိုးရေးပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး လယ်သမားများနှင့် တာဝန်ရှိသူများအားငါးမျိုးများပေးအပ်ကာ စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ယင်းနောက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပထမဆုရ မအူပင်ခရိုင်အသင်းအား ဆုချီးမြှင့်ကာ ပြိုင်ပွဲဝင်အသင်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဓနုဖြူမြို့ရှိ တန် ၁၀၀ ဆန်စက်သို့ ရောက်ရှိကြပြီး ဆန်စက်အတွင်း စပါးကြိတ်ခွဲမှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မအူပင်ခရိုင် ဆည်မြောင်းဦးစီးဌာန (ထိန်းသိမ်းရေး) ရေကင်းစခန်းအမှတ်(၄) မြို့မဒေသစိတ်သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နေ့/ညမပြတ် စနစ်တကျ ဂရုပြုဆောင်ရွက်သွားရေး မှာကြားကာ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပန်းတနော်မြို့နယ် ခန်းမ၌ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကြရာ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စပိန်တောမီး မီးသတ်သမားနှစ်ဦး သေဆုံး

စပိန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် တောမီးလောင်လျက်ရှိရာ မီးသတ်သမားတစ်ဦး ဩဂုတ် ၁၃ ရက်က ငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မက်ဒရစ် ဩဂုတ် ၁၃

စပိန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် တောမီးလောင်လျက်ရှိစဉ် လေပြင်းတိုက်ခတ်သဖြင့် အရှိန်အဟုန် ပိုကောင်းလာသောကြောင့် မီးသတ်သမားနှစ်ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

သဘာဝအားဖြင့် မြူခိုးများဖုံးပြီး အေးမြသော ရာသီဥတုရှိသည့် စပိန်နိုင်ငံ၏ ဂါလီစီယာဒေသမှ ပွန်တီဗီဒရာပြည်နယ်တွင် လူဦးရေ ၂၀၀၀ ခန့် နေထိုင်သည့် ရွာတစ်ရွာအနီး၌ ကြာသပတေးနေ့ညက စတင်လောင်ခြင်းဖြစ်သည်။

သစ်တော ဧက ၂၅၀ ခန့်ကို ဝါးမြိုသွားပြီးနောက် သောကြာနေ့ နေ့လယ်ပိုင်းတွင် မီးညွန့်ကျိုး၍ မီးသတ်သမားများက ထိန်းချုပ်နိုင်ခဲ့သည်ဟု ဒေသဆိုင်ရာ အစိုးရ ကျေးလက်ရေးရာဌာနက ပြောကြားသည်။

မီးတောက်များကို လေပြင်းကပင့်၍ တိုက်နေသဖြင့် မီးငြိမ်းသတ်နေသော ရဲဘော်များမှာ ညအချိန်ရောက်သည့်တိုင် ခက်ခဲစွာ လုပ်ဆောင်နေကြရကြောင်း ၎င်းဌာနက အခြေအနေကို ရှင်းပြသည်။ မီးသတ်ရဲဘော်နှစ်ဦး သေဆုံးရသည့် ဖြစ်စဉ်ကို ယခုအချိန်ထိ တိကျစွာ မသိရသေးပေ။

တစ်ခုတည်းသော နယ်မြေအတွင်းမှာ လေးရက်ဆက်တိုက် လေးကြိမ်လောင်သည့်အတွက် ယင်းမီးသည် ရှို့မီး ဖြစ်နိုင်သည်ဟု သံသယရှိကြောင်း ကျေးလက်ရေးရာဌာန အကြီးအကဲ ဘာမြူရယ်လ်ဂျာရက်(ခ်)က ထုတ်ဖော်ပြောကြားသည်။

အိမ်နီးချင်း ပေါ်တူဂီနိုင်ငံ၏ မြောက်ပိုင်းသစ်တောများတွင်လည်း သောကြာနေ့၌ (၁၉)ကြိမ် မီးလောင်ကြောင်း မြို့ပြကာကွယ်ရေးဌာနက ပြောကြားသည်။ နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်တို့သည် အားလပ်ရက် အပန်းဖြေခရီး ထွက်ရာမှ တောမီးငြိမ်းသတ်ရေးတွင် ဦးဆောင်နေသော ဗဟိုကွပ်ကဲရေးဌာနသို့ သွားရောက်ရန် ပြန်လာခဲ့ကြသည်။

မီးသတ်ရဲဘော် ၈၀၀ ကျော်၊ မီးသတ်ကား ၂၆၀ ကျော်နှင့် မီးသတ်လေယာဉ်ပျံ ၂၀ တို့ဖြင့် ငြိမ်းသတ်လျက်ရှိကြောင်း မြို့ပြကာကွယ်ရေးဌာနက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယခုလစောစောပိုင်းက ပေါ်တူဂီ၌ တောမီးလောင်ခဲ့ရာ မီးသတ်သမားနှစ်ဦး သေဆုံးခဲ့သည်။ အမျိုးသမီး မီးသတ်ရဲဘော်တစ်ဦးမှာ တောအုပ်အတွင်း မီးဝိုင်းခံရကာ မီးလောင်သေဆုံးခဲ့ပြီး နောက်တစ်ဦးမှာ မီးငြိမ်းသတ်ပြီးအပြန် ကားမတော်တဆ ဖြစ်ပွားခြင်းကြောင့် သေဆုံးခဲ့ရသည်။ ပေါ်တူဂီနိုင်ငံတွင် နွေရာသီ၌ မီးလောင်လေ့ အစဉ်အလာရှိသဖြင့် မီးသတ်သမား ၁၀၀၀၀ ကျော်နှင့် မီးသတ်လေယာဉ် ၅၆ စင်းတို့ကို ယခုနှစ်တွင် အဆင်သင့်ပြင်ဆင်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သဘာဝဘေးအန္တရာယ်သတင်း

မိုးသက်မုန်တိုင်းကျရောက်သဖြင့် တရုတ်ရေဘေးဒုက္ခသည်များ ဒုက္ခထပ်မံကြုံတွေ့ရ

ကျောက်ရှူ ဩဂုတ် ၁၃

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း အစွန်အဖျားဒေသတွင် ညအချိန် မိုးသက်မုန်တိုင်းကျရောက်သဖြင့် ကြာသပတေးနေ့တွင် ဒုက္ခသည်များထံသို့ ဒုက္ခများ ထပ်မံရောက်ရှိလာခဲ့သည်။

မိုးသည်းထန်စွာ ရွာသဖြင့် နောက်ထပ် မြေပြိုကျရာ လူငါးဦးပျောက်ဆုံးလျက်ရှိပြီး နောက်ထပ် မြစ်တစ်စင်းသည်လည်း ရေတိုးကာလျှံကျမည့် အခြေအနေသို့ ရောက်ရှိ နေပြန်သည်။

လွန်ခဲ့သည့် စနေ၊ တနင်္ဂနွေနေ့များအတွင်း ရေကြီးခြင်း၊ မြေပြိုခြင်းတို့ကြောင့် သေဆုံးသော လူဦးရေမှာ ၁၁၁၇ သို့ ရောက်ရှိနေပြီဖြစ်သည်။

မိုးရေချိန် လက်မ ၃ ဒသမ ၅ အထိ ရွာခဲ့သော မိုးသည် လာမည့်ရက်များအတွင်း သည်းထန်စွာ ဆက်ရွာမည်ဟု အမျိုးသား မိုးလေဝသဌာနက ကြိုတင်ခန့်မှန်းထားသည်။ ထို့အပြင် ဘေလောင်းမြစ်တစ်လျှောက် ထပ်မံ မြေပြိုမည့် အန္တရာယ်ကလည်း ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိသည်ဟု ဆိုသည်။

ထိုသို့ ညဘက် ကြီးမားစွာ ရေကြီးခြင်းကြောင့် နောက်ထပ် ပြိုကျလာသော ရွှံ့နွံများက ဘီကျန်ဘာရွာမှ အိမ်ခြေခြောက်လုံးကို ဖျက်ဆီးသွားကြောင်း၊ လီဘာဇီရွာအနီးမှ မြစ်တစ်စင်းကိုလည်း ပိတ်ဆို့သွားကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်ရာတွင် အဓိကအသုံးပြုသော လမ်းမကြီးကိုလည်း ပိတ်ဆို့သွားကြောင်း ကျန်စုပြည်နယ် အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ကျင်းရန်ရှိုင်းမြို့အနီး မြေပြိုရာတွင် နှစ်ဦးကို လျင်မြန်စွာ ကယ်တင်နိုင်သော်လည်း ခုနစ်ဦး အရှင်လတ်လတ်နွံများ ဖုံးအုပ်သွားကြောင်း ဆင်ဟွာသတင်းတွင် ရေးသားထားသည်။ ဒေါင်ဟီးမြစ်ရေ တိုးလာသည့်အတွက် ရေလွှမ်းမည့်အန္တရာယ်ကို ကျန်စုပြည်နယ် ချန်းကျန်ခရိုင်တွင် နေထိုင်သူတို့ ရင်ဆိုင်နေကြရသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ရေဘေး ဒုက္ခသည်များအတွက် ယာယီတဲစခန်းများလည်း ရေမြုပ်သွားပြီ ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ကြီးမားစွာ မြေပြိုမှုဖြစ်ပွားပြီးနောက် အပျက်အစီး အစုအပုံများကြားတွင် အဘွားအိုတစ်ဦး ဝမ်းနည်းစွာ ငိုကြွေးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးနိုင်ငံ၌ ဒီပလိုမာသင်တန်းတက်ရောက်ကြမည့် သင်တန်းသားများအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဩဂုတ် ၁၂ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ အစ္စရေးနိုင်ငံ Ramat Negev Desert Agro Research Center (RNDARC) ဒီပလိုမာသင်တန်းသို့ စာတွေ့လက်တွေ့ ၁၀ လကြာ သင်တန်းတက်ရောက်ရန် သွားရောက်ကြမည့် ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံများမှ ထူးချွန်သင်တန်းသား ၄၆ ဦးတို့အား တွေ့ဆုံ၍ သင်တန်းတွင်ထူးချွန်ထက်မြက်အောင် ကြိုးစားကြရေးနှင့် အကျိုးရှိသည့် လုပ်ငန်းအတွေ့အကြုံများကို မှတ်သားရယူပြီး မိမိနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွေ့ဆုံမှာကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး အစ္စရေးနိုင်ငံ၌ ဒီပလိုမာသင်တန်းတက်ရောက်ကြမည့် သင်တန်းသားများအား တွေ့ဆုံမှာကြားစဉ်။ (လယ်/ဆည်)

နေပြည်တော်ပျဉ်းမနား အလက(၂)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းနွဲ့နှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၂၄၀ တို့ တက်ရောက်ကြသည်။

နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး ဒုတိယရဲမှူးသိန်းလှိုင်က အသက်(၁၈)နှစ်မပြည့်မီ မော်တော်ဆိုင်ကယ်မစီးသင့်ကြောင်း၊ အသက်(၁၈)နှစ်ပြည့်ပြီး ယာဉ်မောင်းလိုင်စင်ရှိကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်ကြမှသာ မော်တော်ဆိုင်ကယ် စီးသင့်ကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ ယာဉ်တိုက်မှုဖြစ်စဉ်သာဓကများကို လည်းကောင်း ဟောပြောပြီး ပညာပေးဇာတ်လမ်းတိုများကို ပါဝါပွိုင့်ဖြင့် ပြသခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို နေပြည်တော်ပျဉ်းမနား အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး ဒုတိယရဲမှူး သိန်းလှိုင် ဟောပြောစဉ်။ (သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၁၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သံတောင်ကြီးမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ဟသာ်တမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ စစ်တွေမြို့နှင့် သိမ်ဖြူရပ်မြို့တို့တွင် ၂ ဒသမ ၂၄ လက်မစီ၊ ကော့ကရိတ်မြို့တွင် ၂ ဒသမ ၁၇ လက်မနှင့် တောင်တွင်းကြီးမြို့တွင် သုည ဒသမ ၈၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

ဩဂုတ် ၁၄ ရက် ညနေထိခန့်မှန်းချက် ။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

၂၀၁၀ ခုနှစ် ဩဂုတ်လ တတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက် ။ ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်)	၉၀ ဒီဂရီဖာရင်ဟိုက်	၁၂-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၅ ဒသမ သုည ဒီဂရီစင်တီဂရိတ်)	၇၇ ဒီဂရီဖာရင်ဟိုက်	၁၃-၈-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ	၉၃ ရာခိုင်နှုန်း	၁၃-၈-၂၀၁၀
မိုးရေချိန်	သုည ဒသမ ၀၁လက်မ	၁၃-၈-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၁ဒသမ သုညဒီဂရီစင်တီဂရိတ်)၈၈ ဒီဂရီဖာရင်ဟိုက်		၁၂-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၅ဒသမသုညဒီဂရီစင်တီဂရိတ်)၇၇ဒီဂရီဖာရင်ဟိုက်		၁၃-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၇၉ ရာခိုင်နှုန်း	၁၃-၈-၂၀၁၀
နေပူသည့်နာရီပေါင်း	မရှိပါ	၁၂-၈-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၃-၈-၂၀၁၀	၇မမ (သုည ဒသမ ၂၈ လက်မ)	၁၀မမ (သုညဒသမ၃၉လက်မ)	၂၅မမ (သုညဒသမ၉၈လက်မ)
၁-၁-၂၀၁၀မှ	၁၂၀၆မမ	၁၃၉၄မမ	၁၆၆၁မမ
ယနေ့အထိ	(၄၇ဒသမ ၄၈လက်မ)	(၅၄ဒသမ၈၈လက်မ)	(၆၅ဒသမ၃၉လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၂-၈-၂၀၁၀ ရက် ၆း၃၀ နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီ ခုနစ်မိုင်နှုန်းတိုက်ခတ်သည်။

ဂန့်ဂေါ၌ ငွေစုငွေချေး စည်းဝေး

ဂန့်ဂေါ ဩဂုတ် ၁၃

ဂန့်ဂေါမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၈ ရက်က ဂန့်ဂေါမြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ သဘာပတိ အသင်းလီမိတက်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် မြို့နယ်သမဝါယမ ဦးစီးဌာနဦးစီးအရာရှိ ဦးရာခန့်တို့က အမှာစကား ပြောကြားကြပြီး အသင်းလီမိတက် နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာကို အတွင်းရေးမှူး ဦးချစ်ဝေက ဖတ်ကြားရှင်းလင်း၍ အသင်းဝင်များ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဆွေးနွေးကြကြောင်းသိရသည်။ (၄၆၅)

ခြင်ဆေးဖျန်း

သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကာကွယ်ရေးအတွက် ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပလက်ဝမြို့နယ် အထက ကျောင်းဝင်း ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ ဦးမောင်ဝင်းလှိုင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆာဆုတို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ဦးဆောင်သောအဖွဲ့ သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် မြို့ပြလမ်း ကြံ့ခိုင်ရေးအတွက် ယုဇနလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်မည့်လုပ်ငန်းနှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးမှာကြားစဉ်။ (မြို့နယ်စည်ပင်)

ဩဂုတ် ၁၂ ရက်က အထက(၁) လသာဗဟိုစံပြ ခန်းမဆောင်၌ ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ မူးယစ်ဆေးဝါးများ၊ အိမ်သုံးဆေးဝါးများကို မူးယစ်ဆေးဝါးအသွင် အလွဲသုံးစားပြုခြင်း အန္တရာယ်ဆိုးကျိုးများ တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ လသာမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းဦး ဟောပြောစဉ်။ (ကြေးမုံ)

ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ POSCO Company မှ Chairman, Mr. Chung, Joon Yang နှင့်အဖွဲ့သည် ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် POSCO Company အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် မြို့ပြဆိုင်ရာ အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ POSCO Company မှ Chairman, Mr. Chung, Joon Yang နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာ ပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

(၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ ပြုစုရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၃

(၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၀ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီဝင်များ၊ အစီရင်ခံစာ ပြုစုရေး အဖွဲ့ဝင်များ၊ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ လူ့အခွင့်အရေး အဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ ပထမမူကြမ်း ပြုစုပြီးဖြစ်ပါကြောင်း၊ အစီရင်ခံစာမူကြမ်းကို အတည်ပြုရေး၊ အင်္ဂလိပ်ဘာသာ ပြန်ဆိုရေးနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ အချိန်မီပေးပို့ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားရန် ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူ့အခွင့်အရေး ဆိုင်ရာ အစီရင်ခံစာပြုစုရေးအဖွဲ့က ပြုစုထားသည့် အစီရင်ခံစာ ပထမမူကြမ်းကို အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြပြီး မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သုံးခွနှင့် ခရမ်းမြို့နယ် လယ်နှင့် ချောင်းရေပြင်များ၌ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားများ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန၏ စီစဉ်မှုဖြင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီတွင် သုံးခွမြို့နယ် အနောက်ကျေးရွာနှင့် ရဲနွဲ့ကျေးရွာ ချောင်းရိုးတို့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တောင်သူများနှင့် ဒေသခံပြည်သူများက သုံးခွအနောက် ကျေးရွာ လယ်သမားကြီး ဦးသန်းစိုး၏ စံပြလယ်မြေကွက်နှင့် ရဲနွဲ့ကျေးရွာ ချောင်းရိုး ရေပြင်အတွင်းသို့ ငါးမြစ်ချင်း မျိုးသားပေါက်များနှင့် တီလားဗီးယားမျိုး သားပေါက်ကောင်ရေ စုစုပေါင်း ၄၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။

ခရမ်းမြို့နယ်၌လည်း ခရမ်း ချောင်းမကြီး ရေပြင်အတွင်းနှင့် စိုက်ပျိုးရေးပညာပေးစခန်းအနီး မိုးစပါးစံပြ စိုက်ပျိုးထားသည့် လယ်ယာမြေကွက်များ အတွင်းသို့ ငါးမြစ်ချင်းနှင့် တီလားဗီးယား မျိုးသားပေါက်ကောင်ရေ ၄၅၀၀၀ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

BCB Centre မှ စွမ်းရည်မြှင့်တင်မှု သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၃

BCB Centre မှ လုပ်ငန်းခွင်သို့ တာဝန်ထမ်းဆောင်ရန် ကြိုတင်ပြင်ဆင်နေသော ဘွဲ့ကြို/ဘွဲ့ရများနှင့် လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက်ရည်ရွယ်၍ မိမိတို့၏စွမ်းရည်ကို မြှင့်တင်နိုင်မှုရှိစေရန်နှင့် တာဝန်ထမ်းဆောင်နိုင်မှု စွမ်းရည်တိုးတက်လာစေရန်အတွက် Capacity Enhancement Program ကို ဩဂုတ် ၁၆ ရက်တွင် ဖွင့်လှစ်မည် ဖြစ်သည်။

အဆိုပါသင်တန်းတွင် သင်ကြားမည့် အကြောင်းအရာများမှာ Business Ethics &Etiquette(စီးပွားရေးရာ ကိုယ်ကျင့်တရားနှင့်ကျင့်ဝတ်)၊ Self-Management (မိမိကိုယ်ကိုယ်စီမံခန့်ခွဲခြင်း)၊ Leadership Skills (ခေါင်းဆောင်မှုစွမ်းရည်)၊ Communication Skills & Public Speaking (ဆက်သွယ်မှုစွမ်းရည်နှင့် လူအများရှေ့စကားပြောခြင်း)၊ Emotional Quotient (စိတ်ပိုင်းဆိုင်ရာ အရည်အသွေး)၊ Health & Education (ကျန်းမာရေးဆိုင်ရာအသိပညာ)၊ Power Point Presentation Skill (ထိရောက်သော စီစဉ်တင်ဆက်မှုများ ပြုလုပ်တတ်စေရန်)၊ Office Management (ရုံးလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲခြင်း)တို့ ဖြစ်သည်။

သင်တန်းကာလမှာ နှစ်လဖြစ်ပြီး သင်တန်းချိန်မှာ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီ (တနင်္လာနေ့မှ သောကြာနေ့) အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက Business Capacity Building(BCB) Centre အခန်း(၄၀၅) ပန်းခြံတာဝါ အမှတ်(၈) ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၈-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	အဂ္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	ကဗျာပန်းဥယျာဉ်
၈း၁၀	၇။	အကပြိုင်ပွဲ
၈း၂၅	၈။	"အဆုံးအဖြတ်"
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၀	၅။	Yan Can Cook
၁၂း၄၀	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ"(အပိုင်း-၃၃)**
၁း၃၀	၇။	လောကနီတိ "မိတ်ကောင်းဖော်မွန်"
၂း၁၅	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၂၅	၉။	တေးဂီတအစီအစဉ်
၂း၃၅	၁၀။	အတီးပြိုင်ပွဲ
၂း၅၀	၁၁။	International News
၃း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅	၁။	Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကမ္ဘောဇ F.C နှင့် မနောမြေ F.C)
၅း၄၅	၂။	တေးဂီတအစီအစဉ်
၆း၀၀	၃။	ညနေခင်းသတင်း
၆း၁၅	၄။	မိုးလေဝသအခြေအနေ
၆း၂၀	၅။	အလှူရှာမယ်လှူကမ္ဘာဝယ်
၆း၃၅	၆။	ယဉ်တစ်ကိုယ်မယ်
၇း၀၀	၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်. . ရဲ့ပုံရိပ်" (အပိုင်း-၅)**
၈း၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	ဒီမိုကရေစီခေတ်တည်ဟန် (မေအိမ့်ဒါလီမွန်၊ တေးရေး-တက္ကသိုလ်မြတ်သူ)
	၁၂။	**ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၅၀)**
	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး" (အပိုင်း-၁၁)**
	၁၄။	ဂီတတံခါးလေးဖွင့်ပါဦး
	၁၅။	အစီအစဉ်ပြီး၏။

ကျောက်တံခါး အထက ဂုဏ်ပြုပွဲကျင်းပ

ကျောက်တံခါး ဩဂုတ် ၁၃

ပဲခူးတိုင်း ကျောက်တံခါးမြို့ အထက မိဘဆရာအသင်း အစည်းအဝေးနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီတွင် ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)နှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဂုဏ်ပြုအမှာစကားပြောကြားကြသည်။ထို့နောက် လေးဘာသာဂုဏ်ထူး နှစ်ဦးအပါအဝင် ဂုဏ်ထူးနှင့် အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူ ၂၀ တို့အား ကျောက်တံခါးမြို့နယ်အသင်း (ရန်ကုန်) နာယက ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)နှင့် ဥက္ကဋ္ဌ ဦးဇော်တင့်တို့က ဂုဏ်ပြုဆုများကို အသီးသီး ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** ဂုဏ်ထူးရရှိအောင်သင်ကြားပေးသော ဆရာ၊ ဆရာမများကိုလည်း လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး လေးဘာသာဂုဏ်ထူးရှင် မရွှန်းလဲ့ဝေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (ကြေးမုံ)

ပညာရည်ချွန်ဆုပေးပွဲ မောင်တော၌ ကျင်းပ

မောင်တော ဩဂုတ် ၁၃

မောင်တောမြို့နယ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မောင်တောမြို့နယ်အတွင်း ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၈ ဦး စုစုပေါင်း ၂၆ ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဥတုရာသီ တောကို မှီ၍

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးယုန်ဖုနှင့် ဝန်ထမ်းများ လမ်းဘေးဝဲ၊ ယာ သာယာလှပရေး မြေခင်းအလှ ပြုပြင်ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးငွေးလွင်စိုး အနီးကပ်ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အတိတ်ကောင်း၊ နိမိတ်ကောင်းကို ဆောင်ကြဉ်းလာသည့် စတုတ္ထမြောက် ဆင်ဖြူတော်ရတနာ

ဝေယံမောင်

(ယမန်နေ့မှအဆက်)

ရှေးမြန်မာမင်းများမှအစ ခေတ်အဆက်ဆက်တွင် ဆင်ဖြူတော်ပေါ်ထွန်းရန်ဟူသည် ဆယ်စုနှစ်တစ်စု၊ နှစ်စုအတွင်း အလွန်ပင်တွေ့ရခဲလှပါသည်။ မှတ်တမ်းများကို လက်လှမ်းမီသမျှ ဆန်းစစ်တင်ပြရလျှင် မြန်မာနိုင်ငံ၌ ၁၉၅၈ ခုနှစ်က မြစ်ကြီးနားခရိုင် အင်းတော်ကြီးမြို့နယ် မြန်မာနိုင်ငံသစ်လုပ်ငန်းအဖွဲ့ပိုင် ဆင်ဝိုင်းမှ ဆင်ဖြူတော်မလေးတစ်စီး ပေါ်ထွန်းခဲ့ဖူးပြီး မဖြူဟုအမည်ပေးကာ မိခင်ဆင်မကြီး မယ်စုနှင့်အတူ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ရွှေ့ပြောင်းပြီး ကောင်းမွန်စွာချီးမြှင့်စောင့်ရှောက်ခဲ့ပါသည်။ မဖြူမှာ အသက်(၁၉)နှစ်အရွယ် ၁၉၇၇ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။

ထို့နောက် နှစ်ပေါင်း ၄၀ကျော်အကြာတွင်မှ ယခုလို ၂၀၀၁ ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ဆယ်စုနှစ်တစ်စုစာတာကာလအတွင်း ဆင်ဖြူတော်လေးစီး ပေါ်ထွန်းလာခဲ့ခြင်းမှာလည်း ထူးခြားအံ့သြဖွယ်၊ ရွှင်လန်းဝမ်းမြောက်ဖွယ်၊ ဂုဏ်ယူဝင့်ကြွားဖွယ်၊ ကျက်သရေအဖြာဖြာနှင့် ပြည့်စုံခညောင်းနေသည်ဟုပင် တင်စားလိုမိပါသည်။ ၎င်းဆင်ဖြူတော်များ၏ အချက်အလက်အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရာဇဂဟသီရိပစ္စယဂဇရာဇာ (ပထမမြောက် ရတနာဆင်ဖြူတော်)

(၁) အမည်ဘွဲ့တော် - ရာဇဂဟသီရိပစ္စယဂဇရာဇာ
(၂) လိင် - အထီး၊ စွယ်စုံ
(၃) အသက် - (၁၆)နှစ် (ခန့်မှန်း)
(၄) အရပ်အမြင့် - (၈)ပေ (၂)လက်မ
(၅) ကိုယ်လုံးပတ် - (၁၂)ပေ (၈) လက်မ
(၆) အစွယ်(ဘယ်) - အလျား (၂၃)လက်မ၊ လုံးပတ် (၈)လက်မ
(၇) အစွယ်(ညာ) - အလျား(၂၂)လက်မ၊ လုံးပတ် (၈)လက်မ
(၈) ကျော - ငှက်ပျောကိုင်း
(၉) နားရွက် - နားကြီး
(၁၀) မျက်လုံး - ပုလဲ
(၁၁) အမြီး - အလျား(၄)ပေ (၇)လက်မရှိပြီး ဖြောင့်စင်းသွယ်တန်း၍ တံခါးပိတ်အမျိုးအစား
(၁၂) ခြေသည်း - ရှေ့ခြေသည်းငါးခုစီ၊ နောက်ခြေသည်းလေးခုစီရှိ
(၁၃) အသားအရေ - မိုးရာသီ၌ ပန်းရောင်သန်းသည့် အဖြူရောင်၊ ဆောင်းနှင့်နွေရာသီ၌ အုန်းခွံရောင်သန်းသည့် အဖြူရောင်
(၁၄) အမွေးအမှင် - အဖြူရောင်
(၁၅) ပေါ်ထွန်းသည့်နေရာ - ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်
(၁၆) ရောက်ရှိသည့်နေ့ရက် - ၂၀၀၁ခုနှစ်၊ နိုဝင်ဘာလ ၁၅ရက်နေ့၌ ရန်ကုန်မြို့သို့ ရောက်ရှိပြီး မင်းဓမ္မကုန်းမြေအနီးရှိ ရတနာဆင်ဖြူတော်ဥယျာဉ်တွင် ထားရှိပါသည်။

(ခ) သိင်္ဂီမာလာ (ဒုတိယမြောက် ရတနာဆင်ဖြူတော်)

(၁) အမည်ဘွဲ့တော် - သိင်္ဂီမာလာ
(၂) လိင် - အမ
(၃) အသက် - (၃၂)နှစ် (ခန့်မှန်း)
(၄) အရပ်အမြင့် - (၇)ပေ (၉)လက်မ
(၅) ကိုယ်လုံးပတ် - (၁၂)ပေ (၃)လက်မ
(၆) အစွယ် - သစ်ခွံထိုးအရွယ် စွယ်စုံ
(၇) ကျော - ငှက်ပျောကိုင်း
(၈) နားရွက် - ကြီးမားကျယ်ပြန့်၍ ကြေးစည်ပုံသဏ္ဌာန်ရှိ
(၉) မျက်လုံး - ပုလဲ
(၁၀) အမြီး - အလျား(၃)ပေ (၉)လက်မ(အဖျားအုန်းခွံရောင်ရှိသည့် မြီးတံကျဲပါရှိ)
(၁၁) ခြေသည်း - ရှေ့နောက်လေးခုစီပါရှိကာ ခွာအုံမှာ ပန်းနုရောင်ရှိ
(၁၂) အသားအရေ - ပန်းနုရောင်ဖြစ်ပြီး ရေနှင့်ထိပါက ပိုမိုတောက်ပြောင်သော ပန်းနုရောင်သို့ ပြောင်းသွားသည်။
(၁၃) အမွေးအမှင် - အဖြူရောင်
(၁၄) ပေါ်ထွန်းသည့်နေရာ - ရခိုင်ပြည်နယ်၊မောင်တောမြို့နယ်၊ ကိုင်းကြီးချောင်းဖျား
(၁၅) ရောက်ရှိသည့်နေ့ရက် - ၂၀၀၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့၌ ရန်ကုန်မြို့သို့ ရောက်ရှိပြီး မင်းဓမ္မကုန်းမြေအနီးရှိ ရတနာဆင်ဖြူတော်ဥယျာဉ်တွင် ထားရှိပါသည်။

(ဂ) ရတီမာလာ(တတိယမြောက် ရတနာဆင်ဖြူတော်)

(၁) အမည်ဘွဲ့တော် - ရတီမာလာ
(၂) လိင် - အမ
(၃) အသက် - (၁၂)နှစ် (ခန့်မှန်း)
(၄) အရပ်အမြင့် - (၆)ပေ (၁၁)လက်မ
(၅) ကိုယ်လုံးပတ် - (၉)ပေ (၁၀)လက်မ
(၆) အစွယ် - သစ်ခွံထိုးအရွယ် စွယ်စုံ
(၇) နားရွက် - နားကြီး
(၈) မျက်လုံး - ပုလဲ
(၉) အမြီး - အလျား(၃)ပေ (၉)လက်မရှိ
(၁၀) ခြေသည်း - ရှေ့ခြေသည်းငါးခုစီ၊ နောက်ခြေသည်းလေးခုစီရှိ
(၁၁) အသားအရေ - ပန်းနုရောင်
(၁၂) အမွေးအမှင် - အဖြူရောင်
(၁၃) ပေါ်ထွန်းသည့်နေရာ - ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကင်းချောင်းဖျား
(၁၄) ရောက်ရှိသည့်နေ့ရက် - ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ရက်နေ့၌ ရန်ကုန်မြို့သို့ရောက်ရှိပြီး မင်းဓမ္မကုန်းမြေအနီးရှိ ရတနာဆင်ဖြူတော်ဥယျာဉ်တွင် ထားရှိပါသည်။

(ဃ) ဘဒ္ဒဝတီ(စတုတ္ထမြောက် ရတနာဆင်ဖြူတော်)

(၁) အမည်ဘွဲ့တော် - ဘဒ္ဒဝတီ
(၂) လိင် - အမ
(၃) အသက် - (၃၈)နှစ် (ခန့်မှန်း)
(၄) အရပ်အမြင့် - (၇)ပေ (၄)လက်မ
(၅) ကိုယ်လုံးပတ် - (၁၀)ပေ (၁၀)လက်မ
(၆) အစွယ် - သစ်ခွံထိုးအရွယ်
(၇) ကျော - ကျောတန်း
(၈) နားရွက် - နားကြီး
(၉) မျက်လုံး - ပုလဲ
(၁၀) အမြီး - တံခါးစောင်း၊ အလျား(၃)ပေ (၆)လက်မရှိပြီး မြီးဆံသင့်
(၁၁) ခြေသည်း - ရှေ့ခြေသည်းငါးခုစီ၊ နောက်ခြေသည်းလေးခုစီ၊ အဖြူရောင်
(၁၂) အသားအရေ - သြဇာခွံ
(၁၃) အမွေးအမှင် - အဖြူရောင်
(၁၄) ပေါ်ထွန်းသည့်နေရာ - ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်း
(၁၅) ရောက်ရှိသည့်နေ့ရက် - ၂၀၁၀ ခုနှစ်၊ သြဂုတ်လ ၉ ရက်နေ့၌ နေပြည်တော်သို့ ရောက်ရှိပြီး ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်၌ ထားရှိပါသည်။

ယခုကဲ့သို့ ဆင်ဖြူတော်ရတနာ ပေါ်ထွန်းလာမှုသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဘေးဥပဒ်အန္တရာယ်ရန်အသွယ်သွယ်တို့မှ ကင်းစင်ပပျောက်မည့် အတိတ်ကောင်းဖြစ်သကဲ့သို့ ဆန်ရေစပါး၊ ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြား ပေါများကြွယ်ဝကာ ပြည်ထောင်စုကြီး အပါအဝင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး အဘက်ဘက်မှ ယခုထက်ပိုမို၍ ဖွံ့ဖြိုးတိုးတက်မည့် နိမိတ်ကောင်းတို့ကို ပေါ်ပေါက်စေသည့်အတွက် ကျက်သရေမင်္ဂလာရှိသော သတင်းကောင်းပင်ဖြစ်။



ဆင်ဖြူတော်ရတနာ "ဘဒ္ဒဝတီ"အား နိုင်ငံတစ်ဝန်းမှ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီအား ကြည့်ရှုလေ့လာသူများ ဆက်လက်လာရောက်

နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော်ဉပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော်ရတနာဆောင်၌ အဖော်ဆင်များနှင့်အတူ နေထိုင်လျက်ရှိသော ဆင်ဖြူတော်ရတနာ "ဘဒ္ဒဝတီ"အား စတင်ရောက်ရှိသည့် ဩဂုတ် ၉ ရက်မှစ၍ နေပြည်တော်ဒေသခံများသာမက နိုင်ငံတစ်ဝန်းလုံးမှ ဘုရားဖူးလာပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြရာ ယနေ့တွင်လည်း ဉပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်း ကြည့်ရှုလေ့လာသူများ ဆက်လက်လာရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယခုစတုတ္ထမြောက် ဆင်ဖြူတော်သည် မင်္ဂလာဆင်ခုနစ်မျိုးအနက် ဇလပ်ပွင့် အဆင်းကဲ့သို့ဖြူခြင်း၊ အစွယ်နှစ်ဖက်ကြီးငယ်မရှိ ညီညွတ်ခြင်း၊ မျက်လုံးအရည် ပုလဲကဲ့သို့ရှိခြင်း၊ ကိုယ်မွေးဖြူခြင်း၊ ခြေသည်း၊ လက်သည်း ဖြူခြင်းစသည်တို့ကြောင့် အလွန်မြတ်သည့် သေတဂဇရာဇာ ဆင်အမျိုး အစားဟု သတ်မှတ်နိုင်။

ဆင်ဖြူတော်ဆိုင်ရာ အချက်အလက်များအရ ယခုစတုတ္ထမြောက်ဆင်ဖြူတော်သည် မင်္ဂလာဆင်ခုနစ်မျိုးအနက် ဇလပ်ပွင့်အဆင်းကဲ့သို့ဖြူခြင်း၊ အစွယ်နှစ်ဖက်ကြီးငယ်မရှိ ညီညွတ်ခြင်း၊ မျက်လုံးအရည် ပုလဲကဲ့သို့ ရှိခြင်း၊ ကိုယ်မွေးဖြူခြင်း၊ ခြေသည်း၊ လက်သည်းဖြူခြင်း စသည်တို့ကြောင့် အလွန်မြတ်သည့် သေတဂဇရာဇာ ဆင်အမျိုးအစားဟု သတ်မှတ်နိုင်ပါသည်။ ထို့အတူ အမျိုးလေးပါး ခွဲခြားကြည့်မည်ဆိုပါက မင်းမျိုး၊ ပုဏ္ဏားမျိုး၊ အမတ်မျိုး၊ သူဆင်းရဲမျိုးတို့အနက် မင်းမျိုးနှင့်တူသောဆင်ဟု ယူဆနိုင်ကြောင်းကို အလုံးအရပ်ကြီးမြင့်ခြင်း၊ အစွယ် လက်ယာတင်ခြင်း၊ မျက်နှာနေရောင်ကဲ့သို့နီခြင်း၊ မျက်စိကြေးမျက်စိကဲ့သို့ရှိခြင်း၊ နှာမောင်း ဥဒေါင်းလည်ကဲ့သို့ရှိခြင်း၊ ကြာဝတ်ဆံကဲ့သို့ အရည်ညီညွတ်ခြင်း၊ ကိုယ်မွေး အဖျားငယ်ခြင်း၊ နားကား ကြာဖက်ကဲ့သို့ရှိခြင်း၊ အအိပ်နည်းခြင်း၊ ရဲရင့်ခြင်းတို့က သက်သေပြနေပါသည်။ တစ်ဖန် ဖြူစင်သော အသားအရေရှိခြင်းကြောင့် ဆင်ဖြူလေးမျိုးတွင် ပုဏ္ဏရိက်ကြာဖြူကဲ့သို့ ဖြူစင်းစွာသော အသားအရေရှိသဖြင့် ပုဏ္ဏရိက ဆင်အမျိုးတွင် ပါဝင်သည်ဟုလည်း ဆိုနိုင်ပေသည်။ ခြုံငုံသုံးသပ်ရပါလျှင် ယခုစတုတ္ထမြောက် ပေါ်ထွန်းလာသော ဆင်ဖြူတော်သည် ကောင်းမြတ်သော ကြန်အင်လက္ခဏာနှင့် ပိုမိုပြည့်စုံသော၊ အလုံးစုံဖြူစင်၍ အဆင်းအရည် ပိုမိုရှုဖွယ်၊ ကြည်ညိုဖွယ်ရှိသော ဆင်ဖြူတော်ရတနာ ဖြစ်နေပါသည်။ **ယခုကဲ့သို့ ဆင်ဖြူတော်ရတနာ ပေါ်ထွန်းလာမှုသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ်တို့မှ ကင်းစင်ပပျောက်မည့် အတိတ်ကောင်းဖြစ်သကဲ့သို့ ဆန်ရေစပါး၊ ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြား ပေါများကြွယ်ဝကာ ပြည်ထောင်စုကြီးအပါအဝင် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး အဘက်ဘက်မှ ယခုထက် ပိုမို၍ ဖွံ့ဖြိုးတိုးတက်မည့် နိမိတ်ကောင်းတို့ကို ပေါ်ပေါက်စေသည့်အတွက် ကျက်သရေမင်္ဂလာရှိသော သတင်းကောင်းပင် ဖြစ်**ပါသည်။

နိဂုံးချုပ်ဆိုရပါလျှင် လိုချင်တိုင်းလည်း မရ၊ "တ" တိုင်းလည်း မဖြစ်၊ ခေတ်တိုင်းလည်း မပေါ်၊ မျှော်တိုင်းလည်းမလာ၊ ရှာတိုင်းလည်း မတွေ့သည့် ဆင်ဖြူတော်ရတနာများသည် ပြည်မြန်မာ တစ်လွှားတွင် ကြည်သာလန်းရွှင်စွာဖြင့် ဆင်ဖြူတော်ရတနာ ဥယျာဉ်အသီးသီးဝယ် တင့်တယ်စွာ တည်ရှိနေသည့် အခါသမယသည် ဆောင်းပါး၏အစပိုင်းတွင် တင်ပြခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းအလှည့်အပြောင်းကာလနှင့် ထူးဆန်းလှစွာ တိုက်ဆိုင်နေသည့်အတွက်ကြောင့်လည်း ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ချီတက်မည့် ခရီးလမ်းသည် တိုင်းပြည်ရော၊ လူမျိုးအတွက်ပါ အေးချမ်းသော၊ သာယာသော၊ ဘေးကင်းသော အတိတ်နိမိတ်ကောင်းများနှင့်အတူ ရွှေပြည်တော် မျှော်မဝေးတော့ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"အဘိဓမ္မာပဋ္ဌာန်း" တရားတော် (ဆရာတော်ဓမ္မဒူတဒေါက်တာ အရှင်ဆေကိန္ဒ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် (E Trade Myanmar Co.,Ltd ၏ကမ္ဘာ့ဖလားအဖြေမှန်ခန့်မှန်းပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား)
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၇)**
၈း၃၅	Hip Hop Acoustics Live Show (Part -3)
၉း၂၀	Activities In the City (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၁/၂၀၁၀ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် သင်တန်းရွေးချယ်ပွဲ
၉း၄၅	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၄၅	ပညာအလင်းဝေဖြာစေရာ မြင်သာမြို့ဦးမေတ္တာရိပ်အောက်မှာ. . .
၁၁း၀၅	ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၁၁း၂၅	အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး GPS
၁၁း၄၀	ပန်းချီပြခန်း (July Rain ပန်းချီပြပွဲ)
၁၁း၅၅	ကုသိုလ်ဖြစ်ကျန်းမာရေး ဝန်ဆောင်မှု Lumine Perfect Health
၁၂း၁၅	မြတ်နိဗ္ဗာန်သောင်ကမ်းသို့ရည်. . ဖားအောက်တောရစခန်းမှသည်
၁၂း၄၀	Activities In the City (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၁/၂၀၁၀ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် သင်တန်းရွေးချယ်ပွဲ
၁း၀၀	"အဘိဓမ္မာပဋ္ဌာန်း" တရားတော် (ဆရာတော်ဓမ္မဒူတဒေါက်တာ အရှင်ဆေကိန္ဒ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	သွားမယ်စားမယ် (Cafe 47)
၃း၂၀	ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၇)**
၄း၁၅	ကုသိုလ်ဖြစ်ကျန်းမာရေး ဝန်ဆောင်မှု Lumine Perfect Health
၄း၃၀	ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၄း၄၅	ပညာအလင်းဝေဖြာစေရာ မြင်သာမြို့ဦးမေတ္တာရိပ်အောက်မှာ. . .
၅း၁၀	Talent Show [အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ အနုပညာတင်ဆက်မှုများ]
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Hip Hop Acoustics Live Show (Part -4)
၇း၀၀	Shooting Making ("မ တစ်ကိုယ်ကျား တစ်ကိုယ်" ဇာတ်ကားရိုက်ကူးမှုမြင်ကွင်း)
၇း၁၅	သွားမယ်စားမယ် (Cafe 47)
၇း၄၀	ရန်ကုန်မြင်ကွင်းကျယ် (E Trade Myanmar Co.,Ltd ၏ကမ္ဘာ့ဖလားအဖြေမှန်ခန့်မှန်းပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား)
၈း၀၀	MRTV-4 သတင်း
၈း၂၅	Barclays Premier League (Blackburn Vs Everton)
၁၀း၂၅	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၀း၅၅	Barclays Premier League (Chelsea Vs Westbrom)
၁၂း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၇)**
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Tottenham - Man City	ESPN (Live)
၈း၂၅	Aston Villa - Westham	ESPN (Live)
	Blackburn - Everton	STAR SPORTS (Live)
၁၀း၅၅	Chelsea - Westbromwich	ESPN (Live)
၁၁း၀၀	Wolverhampton - Stoke City	STAR SPORTS (SDD)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

❒ ကျောဖုံးမှ

ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ကြိုတင်အသိပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပင်လယ်ပြင်အတွင်း ဧရာမလှိုင်းလုံးကြီးများဖြစ်ပေါ်နိုင်သည့်အခြေအနေ၊မည်သည့်အရပ်ဒေသဘက်သို့ လေပြင်းတိုက်ခတ်နိုင်သည့်အခြေအနေစသည်တို့နှင့်ပတ်သက်၍ ကြိုတင်ခန့်မှန်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပင်လယ်သမုဒ္ဒရာဆိုင်ရာ နောက်ဆုံးဖြစ်ပေါ်နေသောအခြေအနေများကို ကြိုတင်ခန့်မှန်းရေးစနစ်ဖြင့် သတင်းအချက်အလက်များ ထုတ်ပြန်ပေးမည်ဖြစ်ပြီး အိန္ဒိယ အမျိုးသား ပင်လယ်သမုဒ္ဒရာလေ့လာရေးဗဟိုဌာန၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် သုံးနာရီတစ်ကြိမ် နောက်ဆုံးလေ့လာသိရှိချက်များကို လွှင့်တင်ပေးမည်ဆို၏။

ပင်လယ်ပြင်၏ လတ်တလော အခြေအနေများကို ကြိုတင်ဟောကိန်းထုတ်နိုင်ရန် ပင်လယ်သမုဒ္ဒရာဆိုင်ရာ သဘာဝပုံစံများ၊ ဂြိုဟ်တုဓာတ်ပုံများ၊ ကပ္ပလီနှင့် နီကိုဘာကျွန်းစုကမ်းလွန်၌ ဖြန့်ကြက်ထားသော ရေကြောင်းပြ ဗောများ (wave rider buoys) ကို အသုံးပြုသည်။

ပင်လယ်သမုဒ္ဒရာဆိုင်ရာ ကြိုတင်ခန့်မှန်းရေးစနစ်အရ ပင်လယ်ပြင်အတွင်း လှိုင်းလေပြင်းထန်မည့် အခြေအနေကို ခုနစ်ရက်ကြိုတင်ကာ ဟောကိန်းထုတ်နိုင်သည်ဟု သိရသည်။ ***အင်တာနက်။***

အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (မြို့မ) ဒဂုံမြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် ကျောင်းသား၊ကျောင်းသူများအား သွေးအုပ်စုစစ်ဆေးပေးစဉ်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်မည့် ဒေါက်တာဟားဘတ်တန်နာကွန်းက ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်းထံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်မည့် ဒေါက်တာဟားဘတ်တန်နာကွန်း၏ ခန့်အပ်လွှာကို ဩဂုတ် ၁၃ ရက် ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဆွေနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆိုင်ရာ ကျန်းမာရေးအရာရှိ ဒေါက်တာ လီယိုနာဒ် အော်တီဂါတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ (၆)၊ အမှတ် (၅) ထွက်ပြီ

ရန်ကုန် ဩဂုတ် ၁၃

နိုင်ငံခြားငွေ လဲလှယ်လက်မှတ် (FEC) ဈေးနှုန်းကျဆင်းလာ၊ အန္တရာယ်ရှိ အဆောက်အအုံများတွင် နေထိုင်ခွင့် လုံးဝခွင့်မပြု၊ ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းတော်ကြီးနှင့် ရှေးဟောင်းအမွေအနှစ်များစွာ ရန်ကုန်မြစ်အတွင်းမှ နှစ်ပတ်အတွင်း ဆယ်ယူနိုင်တော့မည်၊ စင်ကာပူနိုင်ငံရှိ MDIS မှ ပညာသင်ထောက်ပံ့ကြေး မြန်မာကျောင်းသူ၊ ကျောင်းသားများ လျှောက်ထားနိုင်၊ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် မြန်မာနိုင်ငံသားများ ဘဏ်၊ ဘဏ်ခွဲ ဖွင့်လှစ်မည်၊ လိပ်ကျောက်ဆူးများ တန်ဖိုးကြီးဈေးကွက်ဝင် ကုန်ပစ္စည်းဖြစ်လာ၊ ပဲခူးမြစ်ရေကို စောင့်ကြည့်၊ အန္တိမစျာပနတွင် မျက်လုံးတော်နှင့် ဓာတ်တော်များ မီးမလောင်တဲ့ ကြွင်းကျန်ရစ်သော နတ္တလင်းမြို့မှ ဆရာတော်ကြီး ဘဒ္ဒန္တဝိသုတ၊ နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲအတွက် ဟိုတယ်ဝန်ထမ်းများကို ကြိုတင်လေ့ကျင့်၊ ဇင်ယော်နီ၏ နေ့စဉ်ကံကောင်းချင်လျှင် ၇ ရက်သားသမီး ဆောင်ရမည့်နံပါတ်၊ ဆိုက်ရောက်ဗီဇာကြောင့် ကမ္ဘာလှည့်ခရီးသွားအလာများ၊ ပဲခူးမြို့နယ်တွင်းမှာ အင်လေးကန်လို ရေပေါ်အိမ်ကလေးများ၊ ဘဲဥတစ်လုံး လက်လီဈေး ၁၅၀ ကျပ်ထိ မြင့်တက်လာ၊ ဆရာပါရဂူ၏ 'ဗိုလ်ချုပ်အောင်ဆန်း ပြောတဲ့ လွတ်လပ်ရေးကို အလွဲသုံးစား မလုပ်ရဘူး'ဆိုသော စကားရှင်းပြချက်၊ ဆေးတက္ကသိုလ်ကို အမှတ်မီပြီး မတက်နိုင်သူများကို ရာဇာလင်းမိသားစုမှ ပညာသင်ဆုချီးမြှင့်မည်၊ ဘုန်းတော်ကြီးသင် ပညာရေးကို နိုင်ငံတကာပညာရေးစနစ် အထိမြှင့်တင်လာ၊ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်ဝင်ခွင့်အမှတ်များ၊ ရန်ကုန်မြို့ အောင်ဆန်းရပ်ကွက်မီးလောင်၊ အမျိုးသား လိင်အားတိုးဆေးကြောင့် သေဆုံးမှုများဖြစ်ပေါ်၊ ဒွေးအတွက် အလှူပေးဦးမယ့်မိုးမိုး၊ နေတိုးရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ၊ ဘာသာတရားဘက်ကိုသာ ဇောင်းပေးလာတဲ့ ခင်သန်းနု၊ အမရာကျော်ဆိုတဲ့ ဖက်ရှင်မလေး၊ F4 ချစ်သူကြောင့် နာမည်ကြီးလာတဲ့ ဂိုဟေဆန်၊ ရာဇဝင်မင်းသား ဂျင်ဂျေဟီး၊ မောင်သန်းဆွေ ထားဝယ်၏ ဖူးစာနှစ်ခိုင် ၁၂၊ အမေရိကန်-ဗီယက်နမ် ပူးတွဲရေတပ်လေ့ကျင့်၊ အိုစမာဘင်လာဒင်၏ ထမင်းချက် ထောင် ၁၄ နှစ်ကျ၊ နာဂါဆာကီ အဏုမြူ ပုံးဒဏ်ခံရသည့် နှစ် ၆၅ နှစ်ပြည့်အထိမ်းအမှတ်ကျင်းပ၊ တရုတ်မြေပြိုမှု၊ ပါကစ္စတန်ရေကြီးမှု စသည့် ကောင်းသတင်း၊ ဆိုးသတင်းများ သိကြရမည့် News Watch ဂျာနယ်ထွက်နေပြီ ဖြစ်သည်။ (သတင်းစဉ်)

မာမီးခေါက်ဆွဲ၏ ငွေကျပ်သိန်း ၂၀ ကံထူးရှင် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

Myanmar Mamee - Double Decker Limited ၏ချက်ချင်းဝယ်၊ ချက်ချင်းပေါက် ကံစမ်းမဲအစီအစဉ်မှ ငွေကျပ်သိန်း ၂၀ ဆုမဲပေါက်သည့် ကံထူးရှင်အား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Mamee ခေါက်ဆွဲရုံးခန်း၌ ကျင်းပရာ ရှေးဦးစွာ တေးသံရှင် စည်သူလွင်က အခမ်းအနား အစီအစဉ်များကို ကြေညာသည်။

ယင်းနောက် Myanmar Mamee-Double Decker Limited မှ Mr. Pang Tee Nam နှင့် Asia Light Co., Ltd. မှ ဦးစိုးမြင့်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် Mamee ၏ ချက်ချင်းဝယ်၊ ချက်ချင်းပေါက် ကံစမ်းမဲ ဆုငွေကျပ်သိန်း ၂၀ ရရှိသည့် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၅)ရပ်ကွက် ဦးအောင်ဇံဝေလမ်း အမှတ်(၄၁၃)နေ ဆဋ္ဌမတန်း ကျောင်းသား မောင်တင်ထွန်းအောင်အား Myanmar Mamee-Double Decker Limited မှ Mr. Pang Tee Nam နှင့် Asia Light Co., Ltd. မှ ဦးစိုးမြင့်တို့က ငွေကျပ်သိန်း ၂၀ ကို ပေးအပ်ချီးမြှင့်ကြပြီး **(အောက်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မာမီးမှ ချက်ချင်းဝယ်၊ ချက်ချင်းပေါက် ငွေသားကံစမ်းမဲများတွင် ငွေကျပ်သိန်း ၂၀၊ ၁၀ သိန်း၊ ငါးသိန်း၊ တစ်သိန်း၊ တစ်သောင်းနှင့် တစ်သောင်းအောက် အခြား ငွေသားကံစမ်းမဲများအပြင် လက်ဆောင် ခေါက်ဆွဲထုပ်များပါ ထည့်သွင်းကံစမ်းပေးသွားပြီး စားသုံးသူတို့အား သိန်းပေါင်းများစွာ ကျေးဇူးတုံ့ပြန်ခဲ့ရာ ဇူလိုင်လတွင် ငွေကျပ် ၁၀ သိန်း၊ တစ်သိန်း၊ တစ်သောင်းနှင့် တစ်သောင်းအောက် ငွေသားဆုများအပြင် ခေါက်ဆွဲထုပ်များ အစရှိသော ဆုများကို ဆွတ်ခူးခဲ့သူများအား ဆုများချီးမြှင့်ပြီးဖြစ်သည်။

ကျန်ရှိနေသေးသော ဆုမဲများကို နိုဝင်ဘာ ၁၅ ရက်အထိ နောက်ဆုံးထား၍ လဲလှယ်နိုင်ကြောင်းနှင့် မာမီးခေါက်ဆွဲအား အမြို့မြို့အနယ်နယ်ရှိ ဆိုင်များတွင် ဝယ်ယူ ရရှိနိုင်သည်။ (သတင်းစဉ်)

ရေသန့်စင်စနစ်ဆောင်ရွက်

ပုသိမ်မြို့ အမှတ်(၁၄) ရပ်ကွက် အများသုံးရေကန် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်းလုပ်ငန်းကို ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးကြည် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင်နှင့် အင်ဂျင်နီယာမှူး ဦးစတင့်ဝေတို့ ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်သူ့ထံမှ ပေးစာများ

ဖွဲ့စက်အမှုန်များ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ဦးကြီးတော်အုပ်စု ညောင်ဝိုင်းကျေးရွာ အလယ်ပိုင်းတွင် ဖွဲ့စက်တစ်လုံးရှိရာ အမှုန်အမွှားနှင့် ညှော်နံ့တို့ပျံ့နှံ့လျက်ရှိပါသဖြင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ညောင်ဝိုင်းရွာသား**

အရက်ပုန်းဆိုင်ဖယ်ရှားပေးစေချင်

စာတည်းခင်ဗျား-

မွန်ပြည်နယ် ပေါင်မြို့နယ် ဥတ္တံတားကျေးရွာရှိ အရက်ပုန်းဆိုင်သည် နေ့စဉ်နံနက်မှ ညဉ့်နက်သည့်တိုင်အောင် ရောင်းချလျက်ရှိရာ မူးယစ်သောက်စားသူများ၏ ရိုင်းပျစွာ ပြုမူပြောဆိုနေမှုကြောင့် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်နေကြရသည့်အပြင် ပတ်ဝန်းကျင်ရှိ လူငယ်လူရွယ်များလည်း အတုယူမှား စာရိတ္တပျက်ပြားနိုင်ပါသဖြင့် စိစစ်ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရွာသူ၊ရွာသားများ

နောက်ဖေးလမ်းကြား ပိတ်ဆို့မှု ရှင်းလင်းစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် ဖို့မြေလမ်းနှင့် သိမ်ဖြူလမ်းကြား၊ ဖို့မြေလမ်း အမှတ်-၅ မှ ၆၅ နှင့် သိမ်ဖြူလမ်း အမှတ် ၄၀၆မှ ၄၆၄ တို့၏ နောက်ဖေးလမ်းကြားတစ်လျှောက်တွင် အမှိုက်သရိုက် အညစ်အကြေးများ ပိတ်ဆို့နေပါသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှု မရှိပါ။ သို့ဖြစ်ပါ၍ ရေစီးရေလာကောင်းမွန်စေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊လမ်းသားများ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက် သစ္စာလမ်းနှင့် ၁၀၈ လမ်းရှိ နောက်ဖေးလမ်းကြားများတွင် စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်နေခြင်း၊ အနီးရှိ မူလတန်းကျောင်း၏ မိလ္လာကန်များသည် ယခင်ရေဆိုးမြောင်း၏ တစ်ဝက်ကျော်ခန့်ကို ပိတ်ဆို့ဆောက်လုပ်ထားခြင်းတို့ကြောင့် ရေဆိုးမြောင်းများ ပိတ်ဆို့နေသဖြင့် မြေညီထပ် နေအိမ်များအတွင်းသို့ ရေဆိုးများစီးဝင်နေပါ၍ ကျန်းမာရေး ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

၁၀၈ လမ်းသူများ

လှိုင်ရတနာအိမ်ရာရှေ့မှအမှိုက်ပုံရွှေ့ပေးစေလို

စာတည်းရှင့်-

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမကြီးပေါ်ရှိ လှိုင်ရတနာအိမ်ရာရှေ့ရှိ အမှိုက်ပုံတွင် အသား၊ ငါးနှင့် အမှိုက်များ နေ့စဉ် စွန့်ပစ်နေသဖြင့် အမှိုက်ပုံကြီးထွားလာပြီး အိမ်ရာရှေ့ လူသွားစင်္ကြံမှာလည်း အမှိုက်ပုံကြောင့် ကွက်များဖောက်သဖြင့် မြေအောက်သို့နှစ်ပေခန့် နိမ့်ဆင်းနေပါသည်။ ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် အဆိုပါ အမှိုက်ပုံအားသင့်တင့်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

အိမ်ရာနေသူများ

ဟာမစ်တစ်မှတ်တိုင် ပြန်ထားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းပေါ် မဟာစည်သာသနာ့ရိပ်သာလမ်းထိပ်ရှိ ဟာမစ်တစ်လမ်း ဟာမစ်တစ်မှတ်တိုင်ကို လွန်ခဲ့သော ၁၀ လခန့်က နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့သို့ ပြောင်းရွှေ့လိုက်ရာ ယခင်မှတ်တိုင်နေရာနှင့် မှတ်တိုင်တစ်တိုင်စာခန့် ဝေးသွားပါသည်။ အသက်ကြီးယောဂီများနှင့် ခရီးသွားများ ပိုမိုအဆင်ပြေစေရေးအတွက် ယခင်နေရာဟောင်းတွင်လည်း မှတ်တိုင်တစ်တိုင် ပြန်ထားပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသွားများ**

နွားလှောင်ခြံအနံ့အသက်ဆိုးများနံ

စာတည်းရှင့်-

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅) စန္ဒာလမ်း ဂေါက်ကလပ်မျက်နှာချင်းဆိုင်ရှိ ခြံတစ်ခြံတွင် နွားများကို အမြဲတမ်း စုဆောင်းပြီးလှောင်ထားရာ နွားအော်သံနှင့် နွားချေးနံ့များ ပျံ့လွင့်နေပါသဖြင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ စိစစ်ကြပ်မတ်ပေးပါရန်တင်ပြအပ်ပါသည်။ **ပြင်ဦးလွင်သူ**

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

ရွာလယ်တဲများလောင်းကစားဆူညံ ရှင်းလင်းပြီးစီး

၂၂-၅-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာမှ **ရွာလယ်တဲများ လောင်းကစားဆူညံ** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်းဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

လမ်းမပေါ်ဈေးရောင်း၊ ရေမြောင်းများပိတ်ဆို့ဆောင်ရွက်ပြီးစီး

၂၇-၆-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ တောင်ငူမြို့ (၁၉)ရပ်ကွက် ရိပ်သာလမ်းမှ **လမ်းမပေါ် ဈေးရောင်း၊ ရေမြောင်းများပိတ်ဆို့** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်း ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**

ကာရာအိုကေသီချင်းသံဆူညံမှု ဆောင်ရွက်ပြီးစီး

၂၂-၇-၂၀၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ တွံတေးမြို့နယ် ဆင်ခြံကျေးရွာမှ **ကာရာအိုကေသီချင်းသံပတ်ဝန်းကျင်ဆူညံ** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်**



ပြည်ပအားကစားပြိုင်ပွဲများတွင် ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များအား ဝန်ကြီး သူရဦးအေးမြင့် တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ပတ္တမြားခန်းမ၌ ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပမည့် အာရှသက်ငယ်တန်း လူငယ်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့ကြက်တောင်နှင့် ဂျူဒိုအားကစားအဖွဲ့၊ ဘာဘဒိုးစ်နိုင်ငံတွင် လက်ဝှေ့အားကစားနည်း ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန်နှင့် အမျိုးသမီးတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလက်ဝှေ့အဖွဲ့၊ အိန္ဒိယနိုင်ငံ ပူနင်းမြို့တွင် ကျင်းပမည့် ကမ္ဘာ့ဘိလိယက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့၊ တူရကီနိုင်ငံ အီစတန်ဘူမြို့တွင် ကျင်းပမည့် CHILDREN OF THE WORLD CAMP သို့ သွားရောက်မည့် မြန်မာဘတ်စကက်ဘောအားကစားအဖွဲ့နှင့် တရုတ်နိုင်ငံ ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာ ဝူရှူး အဖွဲ့ချုပ် အသိအမှတ်ပြု ဒိုင်လူကြီးစာမေးပွဲ ဖြေဆိုရန် သွားရောက်မည့် မြန်မာဝူရှူးအဖွဲ့တို့အား တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။(အပေါ်ပုံ)

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်လှိုင်၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာမင်းနိုင်၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးထွန်းထွန်းဦးတို့က ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် သွားရောက်ယှဉ်ပြိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံ့ဂုဏ်ဆောင်

ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်စေရန် စိတ်ဓာတ်၊ ခံယူချက်မြင့်မြင့်မားမားထား၍ ယှဉ်ပြိုင်ကြရန်၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေပြီး အတွေ့အကြုံကောင်းများရရှိရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေး အထူးကြိုးစားဆောင်ရွက်ကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့်စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (ဂဂ)အုပ်စုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနအသင်းက သမဝါယမဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (ဂဂ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဩဂုတ် ၁၆ ရက် ပွဲစဉ်များအဖြစ် နေပြည်တော် အားကစားပြိုင်ကွင်း၌ (ဃဃ)အုပ်စုမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ဃဃ)အုပ်စုမှ စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂလိပ်အသံအမှန်ထွက်စေဖို့ စာအုပ် တတိယအကြိမ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၃

စာရေးဆရာ လှိုင်သင်းက အင်္ဂလိပ်စာ လေ့လာဆည်းပူးထားသမျှ ကြွယ်ဝမှုကို နောင်လာနောက်သားများ လက်ဆင့်ကမ်းဖြန့်ဝေပေးရန် ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်အသံအမှန်ထွက်စေဖို့ စာအုပ်ကို တတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

(အောက်ပုံ)

အဆိုပါ စာအုပ်၌ ကဏ္ဍများခွဲ၍ ဖော်ပြထားပြီး အခန်း ၂၆ ခန်းနှင့် စာမျက်နှာ ၁၈၀ ခန့် ပါရှိကာ ကံ့ကော်ဦးမွန် စာပေတိုက်မှ ထုတ်ဝေ၍ ပါရမီစာပေ အမှတ် (၂၃၀) ၂၉ လမ်း ရန်ကုန်မြို့ ဖုန်း-၂၅၃၂၄၆ မှ ဖြန့်ချိကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)

၁၄-၈-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅	နိုင်ငံတော်သီချင်း+ကြေညာချက် တရားတော် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရရဲ့ (မေတ္တာသုတ်+ဂုဏ်တော်ကွန်ချာ)
၇း၃၀	ခမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (နှလုံးလှ အဆုံးမတော်များ) တေးပဒေသာ ဘဝအသွင်ကဗျာ့အမြင် (တစ်ခါပြန်၍ဆုံပါစေ) တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	ရင်ခုန်စီးဆင်းအနုပညာသတင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်-အဆော့မက်တဲ့မောင်ခန့်)
၁၁း၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ (နားလည်ပါစေမိချောတို့အမေ) တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၆၂)
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ကြေးစည်)
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (နဝမတန်း-ပထဝီဝင်) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	လေလှိုင်းကြားကပွဲ့တင်သံ
၅း၁၅	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ခေတ်မရွေးသောတေးများ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၇း၁၀	တေးပဒေသာ
၇း၁၅	သူ့အကြိုက်သူ့အသွင် (ချစ်စနိုးဦး)
၇း၃၀	ကျန်းမာရေးရာသိကောင်းစရာ (သရက်သီးရဲ့ကျန်းမာရေး အကျိုးကျေးဇူးများ) တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၈း၃၀	သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၈း၄၅	ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀	Radio Internet(24)
၉း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ပြိုင်ဆိုင်မှုပြင်းထန်မည့် ပရီမီယာလိဂ်ရာသီအဖွင့် လီဗာပူး-အာဆင်နယ်၊ စပါး- မန်စီးတီး ပွဲဦးမှာဆုံပြီ

၂၀၁၀-၂၀၁၁ ပရီမီယာလိဂ်ဘောလုံးရာသီရဲ့ ပွဲစဉ် (၁)ကို ဩဂုတ် ၁၄ ရက် (ယနေ့)မှာ စတင်ကျင်းပတော့မှာဖြစ်ပါတယ်။ ဒီအဖွင့်ပွဲစဉ်မှာ လီဗာပူးနဲ့ အာဆင်နယ်၊ စပါးနဲ့မန်စီးတီးတို့ ပွဲဦးထွက် ထိပ်တိုက်တွေ့ဆုံမှာဖြစ်တာကြောင့် ရာသီအစမှာပင် ပြိုင်ဆိုင်မှုက ပြင်းထန်လာမှာပါ။

လီဗာပူး-အာဆင်နယ်။ ။ နည်းပြသစ် ရွှိုင်းဟော့ဆန်ရဲ့ လီဗာပူးမှာ ချယ်လ်ဆီးက အသစ်ခေါ်ယူထားတဲ့ ဂျိုကိုးလ် ခြေစွမ်းပြနေသလို တိုက်စစ်မှူး အန်ဂေ့လည်း ခြေစွမ်းတက်လာပါတယ်။ အာဆင်နယ်မှာတော့ အသင်းခေါင်းဆောင် ဖာဘရီဂက်စ်နဲ့ တိုက်စစ်မှူး ဗန်ပါစီတို့ ပါဝင်ဖို့မသေချာတာကြောင့် တိုက်စစ်ပိုင်း အားနည်းလာဖွယ်ရှိနေပါတယ်။ လီဗာပူးမှာ တောရစ်မပါရင် ဂိုးပေါက်ပျောက်တတ်လေ့ရှိပေမယ့် ယခုကစားမှာက အန်ဖီးလ်ကွင်းဖြစ်နေတာကြောင့် ရွှိုင်းဟော့ဆန်ဟာ အမှားခံမှာ မဟုတ်ဘဲ အမှတ်မဆုံးရှုံးရအောင် အစွမ်းကုန်ကြိုးစားလာမှာပါ။

စပါး- မန်စီးတီး။ ။ စပါးမှာ ထူးထူးခြားခြား လူအပြောင်းအလဲမရှိဘဲ မန်စီးတီးကတော့ ရာသီသစ်အတွက် အကောင်းဆုံးပြင်ဆင်ထားပါတယ်။ စပါး လူစုံရင် ကစားပုံအားရစရာကောင်းပေမယ့် မန်စီးတီးရဲ့ ကစားသမားစုဖွဲ့မှုက ပိုသာပါတယ်။ ဒါ့အပြင် အဒီဘာယော၊ တီဗက်ဇ်နဲ့ ဘယ်လာမီတို့ တိုက်စစ်အတွဲကလည်း အကောင်းဆုံးပုံစံမှာ ရှိနေမှာပါ။ ဒါကြောင့် ဒီပွဲမှာ မန်စီးတီး အဝေးကွင်းဆိုပေမယ့် သရေမျှော်လင့်နိုင်ပါတယ်။

ဝင်းတင်(ကြေးမုံ)

လီဗာပူးတွင် ခြေစွမ်းပြနေသည့် ကွင်းလယ်လူ ဂျိုကိုးလ်။

မန်ယူ- နယူးကာဆယ်။ ။ မန်ယူမှာ ဖာဒီနန်ကလွဲပြီး ကျန်အဓိကကစားသမားများ ပါဝင်လာဖွယ် ရှိနေပါတယ်။ မန်ယူ တိုက်စစ်ပိုင်းမှာ ဝိန်းရွန်နေးကြံ့ခိုင်မှု ပြည့်ဝနေသလို အသစ်ခေါ်ယူထားတဲ့ ဟာနန်ဒက်ဇ်ကလည်း ခြေစွမ်းပြဂိုးတွေ သွင်းနေပါတယ်။ ဒါပေမယ့် တန်းတက် နယူးကာဆယ်ဟာ ပရီမီယာလိဂ် အတွေ့အကြုံ ရင့်ကျက်တဲ့အသင်းဖြစ်တာကြောင့် လျှော့တွက်ရင် မှားသွားပါလိမ့်မယ်။ ဒီပွဲမှာ နယူးကာဆယ် ခြေကုန်ထုတ်တုံ့ပြန်လာမှာ ဖြစ်ပေမယ့် အိုးထရက်ဖို့ဒ်မှာတော့ မန်ယူကို အန်တုဖို့ဆိုတာ စိန်ခေါ်မှု တစ်ရပ် ဖြစ်နေဦးမှာပါ။

အခြားပွဲစဉ်များတွင် ဗီလာ၊ ဘလက်ဘန်း၊ ဘော်လ်တန်၊ ဆန်းဒါးလန်း၊ ဝီဂန်နဲ့ ဝုလ်ဗာဟမ်တန်တို့ အိမ်ကွင်းမှာရှုံးကန် ရဖွယ်ရှိနေပြီး ချယ်လ်ဆီးနိုင်ပွဲတွေ့သွားနိုင်ပါတယ်။



အာဆင်နယ်တိုက်စစ်ကို ဦးဆောင်လာမည့် ဘန်တနာ။

ပရီမီယာလိဂ် ပွဲစဉ် (၁) ပွဲစဉ်များ

ဩဂုတ် ၁၄ ရက် (စနေနေ့)
ညနေ ၆း၁၅ နာရီ

စပါး - မန်စီးတီး

ည ၈း၃၀ နာရီ

ဗီလာ - ဝက်စ်ဟမ်း
ဘလက်ဘန်း - အဲဗာတန်
ဘော်လ်တန် - ဖူလ်ဟမ်
ဆန်းဒါးလန်း - ဘာမင်ဂမ်
ဝီဂန် - ဘလက်ပူးလ်
ဝုလ်ဗာဟမ်တန် - စတုတ်စီးတီး

ည ၁၁ နာရီ

ချယ်လ်ဆီး - ဝက်စ်ဘရွန်း

ဩဂုတ် ၁၅ ရက် (တနင်္ဂနွေနေ့)
ည ၉း၃၀ နာရီ

လီဗာပူး - အာဆင်နယ်

ဩဂုတ် ၁၇ ရက် (အင်္ဂါနေ့)
နံနက် ၁း ၃၀နာရီ

မန်ယူ - နယူးကာဆယ်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပင်လယ်သမုဒ္ဒရာ ကြိုတင်ခန့်မှန်းရေးစနစ် အိန္ဒိယသိပ္ပံပညာရှင်များ တီထွင်ဖော်ထုတ်

ချန်နိုင်း ဩဂုတ် ၁၃

ပင်လယ်သမုဒ္ဒရာဆိုင်ရာ ကြိုတင်ခန့်မှန်းရေးစနစ်တစ်ရပ်ကို အိန္ဒိယသိပ္ပံပညာရှင်များက တီထွင်ထားကြောင်း၊ သင်္ဘောသားများ၊ ရေလုပ်သားများနှင့် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ နေထိုင်သော ပြည်သူသန်းပေါင်းများစွာတို့အတွက် ယင်းစနစ်က အကျိုးကျေးဇူးပြုမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အိန္ဒိယ အမျိုးသားပင်လယ်သမုဒ္ဒရာ လေ့လာရေးဗဟိုဌာနမှ သိပ္ပံပညာရှင်များသည် ပင်လယ်သမုဒ္ဒရာဆိုင်ရာ ကြိုတင်ခန့်မှန်းရေးစနစ်တစ်ရပ်ကို တီထွင်ဖော်ထုတ်ထားပြီး ဩဂုတ် ၆ရက်မှစ၍ ကပ္ပလီကျွန်းနှင့် နီကိုဘာကျွန်းစု၏ မြို့တော် ပို့ဘလဲ(Port Blair)မြို့တွင် ယင်းစနစ်ကို စတင်အသုံးပြုမည်ဖြစ်ကြောင်း ပင်လယ်သမုဒ္ဒရာဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ပါမောက္ခ ဘာလာခရစ်ရှုနန်နီယာက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းမှာ ကီလိုမီတာ ၇၅၀၀ ရှိပြီး ကမ်းရိုးတန်းဒေသများ၌ နေထိုင်သော ပြည်သူသန်းပေါင်းများစွာကို ပင်လယ်သမုဒ္ဒရာဆိုင်ရာ သဘာဝ

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❐

ကပ္ပလီကျွန်းနှင့် နီကိုဘာကျွန်းစုရှိ ပင်လယ်ကမ်းခြေတစ်နေရာတွင် အပန်းဖြေနေသော ပြည်သူများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်တာနက်
နည်းပညာသတင်း

ဘာသာပြန်-ရာမောင်

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များစာရင်း အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၈/၂၀၁၀) ဖြင့် သတ်မှတ်ကြေညာသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များစာရင်း အချပ်ပို တစ်မျက်နှာ ပါရှိပါသည်။

ဆောင်းပါးအညွှန်း

ဝေယံမောင်၏(ဆောင်းပါး)
စာမျက်နှာ- ၈၊ ၉

လိုချင်တိုင်းလည်းမရ၊ "တ" တိုင်းလည်းမဖြစ်၊ ခေတ်တိုင်းလည်းမပေါ်၊ မျှော်တိုင်းလည်းမလာ၊ ရှာတိုင်းလည်း မတွေ့သည့် ဆင်ဖြူတော်ရတနာများသည် ပြည်မြန်မာတစ်လွှားတွင် ကြည်သာလန်းရွှင်စွာဖြင့် ဆင်ဖြူတော်ရတနာ ဥယျာဉ်အသီးသီးဝယ် တင့်တယ်စွာ တည်ရှိနေ။